အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၈၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဩစတြီးယားသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဩစတြီးယားသမ္မတနိုင်ငံ၏ သမ္မတအဖြစ် ၂၀၀၄ ခုနှစ် ဇူလိုင် ၈ရက်တွင်စတင်တာဝန်ထမ်းရွက်သည့် မစ္စတာ ဟိန့်(ဇ်)၊ ဖစ်ရှာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဩစတြီးယားသမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇူလိုင် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ H.E Dr.Herbert Traxl သည် ယနေ့နံနက် ၁၀ နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ မော်ရိုကိုနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇူလိုင် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မော်ရိုကိုနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ H.E Mr.El Hassane Zahid သည် ယနေ့နံနက် ၁၀နာရီခွဲတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ဝဲပုံ)**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ညှိနှိုင်းဆွေးနွေးသည့်ကာလ ပြီးဆုံး အခြေခံမူများညှိနှိုင်းဆွေးနွေးအကြံပေးခဲ့၍ တူညီသောသဘောထားများရရှိခဲ့ နောက်တစ်ကြိမ်အစည်းအဝေး ပွင့်လင်းရာသီတွင်ပြန်လည်ကျင်းပမည်

အမျိုးသားညီလာခံ

ရန်ကုန် ဇူလိုင် ၉

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံခေတ္တရပ်နားကြောင်းနှင့် နှုတ်ဆက်အမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီ၄၅မိနစ်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမဒ္ဓကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ နှုတ်ဆက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၄ ရက်မှ ၅ ရက်အထိ မန္တလေးတိုင်းရမည်းသင်းခရိုင် အတွင်းရှိ ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်း၊ ပျဉ်းမနားမြို့နယ်များသို့ သွားရောက်၍ မြို့နယ်အသီးသီး၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ဖွယ်ရာများနှင့် လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဇူလိုင်လ ၅ ရက်တွင် မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များ၏ လူမှုရေးကဏ္ဍဖြစ်သည့် လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်း၊ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ဆေးရုံနှင့် ဆေးခန်းများ အဆင့်မြှင့်တိုးချဲ့ခြင်းလုပ်ငန်းများကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၅ ရက် မွန်းလွဲပိုင်းက မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌–

“နိုင်ငံတော်အစိုးရက မိတ္ထီလာခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုကောင်းမွန်မျှတရေး၊ အထူးသဖြင့် မိတ္ထီလာလွင်ပြင်ကြီးတစ်ခုလုံး စိမ်းလန်းစိုပြည်ရေးအတွက် ငွေကြေးမြောက်မြားစွာ ကျခံသုံးစွဲပြီး စီမံချက် ရေးဆွဲဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နည်းလမ်း(၃)သွယ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး လယ်မြေဧက ၂၉၀၀၀ ကို ရေပေးဝေနိုင်မှာဖြစ်ကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတော်က မိတ္ထီလာလွင်ပြင်ကြီး စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေးကို စီမံဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း တိုးတက်ဖြစ်ထွန်းလာမှာဖြစ်သည့်အတွက် ဒေသနေပြည်သူများက မိမိတို့ဒေသဝမ်းစာဖူလုံစေရန် သီးနှံများတိုးချဲ့စိုက်ပျိုး အထွက်တိုးအောင် ဝီရိယစိုက်ထုတ် ဆောင်ရွက်သွားကြရန်လိုကြောင်း”

ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်၏ ဓနအင်အားတိုးတက်မှုအပေါ်မူတည်ပြီး ပူပြင်းခြောက်သွေ့သည့် ဒေသများအားလုံး စိမ်းလန်းစိုပြည်လာစေရန် ဆောင်ရွက်ပေးရမည်ဟူသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အပိုင်းလိုက် အဆင့်လိုက် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မိတ္ထီလာလွင်ပြင်ကြီးတစ်ခုလုံး စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ပြီးစီးပါက ဒေသနေပြည်သူများ နှစ်စဉ်ကြုံတွေ့နေကြရသည့် သောက်သုံးရေအခက်အခဲများကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် စိုက်ပျိုးရေရရှိခြင်းကြောင့်လည်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသနေပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာမည်ဖြစ်သည်။

မိတ္ထီလာမြို့သည် မြန်မာနိုင်ငံ မြေပြန့်ဒေသ၏ မြို့တော်ဖြစ်သည်နှင့်အညီ အခြေခံအဆောက်အအုံများကို နိုင်ငံတော်က ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းပေးထားပြီးဖြစ်သည်။

မိတ္ထီလာခရိုင်သည် ဆီထွက်သီးနှံ၊ ဝါ၊ ပဲအမျိုးမျိုးနှင့် မီးဖိုချောင်သုံး သီးနှံအမျိုးမျိုးတို့ စိုက်ပျိုး ဖြစ်ထွန်းသည့်ဒေသဖြစ်သည်။ ထို့ကြောင့် ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဝါနှင့်ဆီထွက် သီးနှံများအပြင် အခြားဖြစ်ထွန်းနိုင်မည့် သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးအထွက်တိုးစေရန် ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ ကျေးလက်ဒေသများဖြင့် စုပေါင်းဖွဲ့စည်းထားသည့် မြို့နယ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ကချမှတ်ပေးထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးအတွင်းရှိ ပြည်နယ်နှင့်တိုင်းအားလုံး၊ ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိရာတွင် ဒေသလိုအပ်ချက်များအပေါ် မူတည်ပြီး ပြည်သူများ၏ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့ကို အလေးထား ဆောင်ရွက်ပေးနေခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် စေတနာကို သိမြင်သဘောပေါက်ပြီး ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စု စိတ်ဓာတ်မွေးမြူကာ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်တံတားတည်ဆောက်ရေးလုပ်ငန်း ဝန်ကြီးဗိုလ်ချုပ်စောထွန်းကြည့်ရှုစစ်ဆေး စံချိန်စံညွှန်းမီလုပ်ငန်းများအချိန်မီပြီးစီးအောင် စေတနာထားဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇူလိုင် ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်၇ရက် နံနက်၁၁နာရီ ၄၅ မိနစ်က ရန်ကုန်မြို့မှ ရန်ကုန်–ပုသိမ်လမ်းအတိုင်း ထွက်ခွာပြီး ရန်ကုန်–ပုသိမ်လမ်းအပိုင်းရှိ မိုးရာသီအတွင်း ရေစီးရေလာကောင်းမွန်စေရန် လမ်းဘေးရေမြောင်းများ ဖောက်လုပ်ထားမှု အခြေအနေ၊ ကတ္တရာလမ်းပေါ်တွင် ရေတင်မှုများရှိမရှိနှင့် နိုင်လွန်ကတ္တရာခင်းပြီးသည့် လမ်းအပိုင်းများ မိုးရာသီအတွင်း လိုအပ်သည့် ပြင်ဆင်မှုများကိုစစ်ဆေးကာ ပုသိမ်တံတားသို့ ညနေ ၃ နာရီတွင် ရောက်ရှိသည်။

ပုသိမ်တံတားတွင် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက ပုသိမ်တံတားအတွက် ရောက်ရှိနေသည့် ကြိုးတံတား တံတားသံပေါင် စုစုပေါင်း ၂၀၀၀ ဒသမ ၃၁၉တန်ကို လုပ်ငန်းခွင်၌ စနစ်တကျ နေရာချထားမှုများကို ဝန်ကြီးနှင့်အဖွဲ့အား လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည်လုပ်ငန်းခွင်အတွင်း လှည့်လည်၍ လုပ်ငန်းပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းခန်းမ၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတားပေ ၆၀ (၁၂)ခန်းအနက် ရှစ်ခန်းမှာ သံကူကွန်ကရစ်ရက်မများတင်ပြီး ၎င်းပေါ်မှ ကွန်ကရစ်ကြမ်းခင်းများပါ သွန်းလောင်းပြီး ကျန်ပေ ၆၀ လေးခန်းအတွက် သံကူကွန်ကရစ်ရက်မများမြေပြင်၌ သွန်းလောင်းထားပြီးဖြစ်သည်။ ပုသိမ်တစ်ဖက်ကမ်း ကမ်းနီဘက်ကမ်းတွင်လည်း ချဉ်းကပ်တံတား ပေ ၆၀ ကိုးခန်းအနက် ငါးခန်းမှာ သံကူကွန်ကရစ်ရက်မများ တင်ပြီး ၎င်းပေါ်မှ ကွန်ကရစ်ကြမ်းခင်းများပါ သွန်းလောင်းပြီး ကျန်ပေ ၆၀ လေးခန်းအတွက် သံကူကွန်ကရစ် ရက်မများ မြေပြင်၌ သွန်းလောင်းထားပြီးဖြစ်ကြောင်း၊ ယခုရောက်ရှိလာသော သံပေါင်များဖြင့် ကြိုးထိန်းခုံနှစ်ခုနှင့် တာဝါတိုင်နှစ်ခုတို့ကို စတင်ဆောင်ရွက်လျက်ရှိပြီး ပင်မကြိုးများ တပ်ဆင်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပြီးစီးပါက တံတားသံပေါင်များကို ဆက်လက်တပ်ဆင်သွားမည်ဖြစ်ကြောင်းနှင့် ကြိုတင်သွန်းလောင်းထားသော Decking Slab များကိုလည်း အချိန်နှင့်တစ်ပြေးညီ တပ်ဆင်ပြီး တံတားသံပေါင်ပေါ်တွင်ခင်းမည်ဖြစ်ကြောင်း တင်ပြသည်။

မှာကြား

ဝန်ကြီးက တံတားသံပေါင်များ ရောက်ရှိပြီဖြစ်နေ၍ ကြိုးထိန်းခုံတပ်ဆင်ခြင်း၊ တာဝါတိုင်ထောင်ခြင်း လုပ်ငန်းများ၊ ပင်မကြိုးများတပ်ဆင်ခြင်းလုပ်ငန်းများနှင့် တံတားသံပေါင် များတပ်ဆင်ခြင်းလုပ်ငန်းများကို စံချိန်စံညွှန်းမီ လုပ်ငန်းများ အချိန်မီ ပြီးစီးအောင် ကြိုးစား၍ စေတနာထား ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေးတို့ကိုပါ အလေးထားဂရုစိုက်ဆောင်ရွက်ကြရန်နှင့်အချိန်နှင့်တစ်ပြေးညီပြီးစီးစေရန် ကြိုတင်ဆောင်ရွက်သင့်သည်များ ဆောင်ရွက်ထားကြရန် မှာကြားသည်။ **(သတင်းစဉ်)**

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၉

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို အမှတ်၉ ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်ရှိ အသင်းတိုက်၌ ဩဂုတ် ၇ရက်နံနက်၁၀နာရီခွဲတွင်ကျင်းပမည်ဖြစ်သည့် အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အသင်းရုံး ဖုန်း–၅၀၁၅၁၈ နှင့် ဦးမောင်ညိမ်း ဖုန်း–၆၆၇၁၃၂၊ ဦးသိန်းလွင် ဖုန်း–၂၅၁၂၇၅၊ ဦးစိုးဝင်း ဖုန်း– ၂၂၇၂၉၂၊ ဦးကျော်မြင့် ဖုန်း–၂၆၉၂၀၁၊ ဦးအေးနိုင် ဖုန်း–၅၄၂၀၀၉တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၁၀–၇–၂၀၀၉

(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်**“သောတာပန်စိတ်ထား အင်္ဂါခုနစ်ပါး”**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -The Study of mediate Inference (1) အထူးပြု (ဒဿနိက၊အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း)
၅:၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာရွှေအိုး”**(အပိုင်း–၁၃)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ **“မဟာဂန္ဓာရုံမှ ပညာရှာမိုးလိုလျှင်”**
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပြည်သူ့တရားရှင် ရွှေသမက် ဘယ်သူလဲ”** (အပိုင်း၃)

ဇူလိုင်၆ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းမှ အပတ်စဉ်အင်္ဂါနေ့တိုင်း သက်ကြီးရွယ်အို အဘိုးအဘွားများ အတွက် ဆေးဝါးများ လှူဒါန်းလျက်ရှိရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးခေါင်းဆောင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ရာသက်ပန်ဆေးအလှူရှင် ဒေါ်လှမြင့်က အဘိုးအဘွားများအတွက် ဆေးဝါးများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငွေငွေရှိန်သို့ ပေးအပ်လှူဒါန်းစဉ်။ (၄၀၀)



ဇူလိုင် ၉ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မော်ရိုကိုနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ **H.E.Mr.El Hassane Zahid** အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ဇူလိုင် ၉ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ **H.E Dr.Herbert Traxl** အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)



အားမာန်ပြည့်ဝသော မြန်မာအမျိုးသမီးများပေါ်ထွန်းရေး မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး ပူးပေါင်းပါဝင်

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာ ဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒိသာပါမောက်ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါ်ခင်အေးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၏ဇနီး အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်ဒေါ်စံယုံ၊ ဒုတိယဝန်ကြီး ဦးကျော်သူ၏ဇနီး ဒေါ်လှဲ့လှဲ့ကြည်၊ ညွှန်ကြားရေးမှူးချုပ်များ၏ ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၏ ဇနီးများ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းအမျိုးသမီးများနှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့**(ယာပုံ)**က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ စိတ်ဝင်စားဖွယ်ရာ အသေးစိတ်ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ဇာတိမာန်ထက်သန်သော အမျိုးသမီးများ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော မြန်မာအမျိုးသမီးများ ပေါ်ထွန်းရေးကို မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် ဆွေးနွေးပြောကြားသွားသည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီးအပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်ဒေါ်စံယုံက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား ဝန်ကြီးဌာန၏အမှတ်တရလက်ဆောင် ပေးအပ်သည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၁ ရက်၊ တနင်္ဂနွေနေ့
ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့
အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။
ပညာရေးဝန်ကြီးဌာန

■ ကျောဖုံးမှ

အားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဖျော်ဖြေတင်ဆက်ပွဲသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တွဲဖက်၍ သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ အမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ မြန်မာ့အသံအဖွဲ့သူများဖြစ်ကြသော တေးသံရှင်

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွှန့်နှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု နားသောတဆင် အားပေးကြသည်။

သီဆိုဖျော်ဖြေ

အစီအစဉ်အရ ဂီတစာဆို တက္ကသိုလ်မြတ်သူ ရေးစပ်သီကုံးသော အမျိုးသားညီလာခံ ဂုဏ်ပြုတေးတစ်ပုဒ်ဖြစ်သည့် 'လရောင်ဆမ်းမှ လန်းသောပန်း'သီချင်းကို မြန်မာ့အသံအဖွဲ့သူများဖြစ်ကြသော ရဲရင့်ဝေလွင်၊ သီတာမိုးနှင့် မေဘရဏီခိုင်တို့က မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ တင်တင်မြ၊ တက္ကသိုလ်လဲ့လဲ့၊ ခိုင်ဝါနှင့် ရဲရင့်ဝေလွင်တို့က ဂန္ထဝင်တေးတစ်ပုဒ်ဖြစ်သည့် 'ရတနာပုံ'သီချင်းဖြင့်သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ထပ်ဆင့်အကယ်ဒမီညွှန့်ဝင်းက 'ရွှင်လန်းချမ်းမြေ့ပါစေ'သီချင်းဖြင့် လည်းကောင်း၊ အကယ်ဒမီထွန်းအိန္ဒြာဗိုက 'ချစ်သူရဲ့သီချင်း'နှင့် 'ကိုကိုရေရှူးပြီ'သီချင်းတို့ဖြင့်လည်းကောင်း၊ ထပ်ဆင့်အကယ်ဒမီချိုပြုံးက 'ပန်းပိတောက်တို့ကြွေရာမြေ'သီချင်းနှင့် 'တမာလမ်း' သီချင်းတို့ဖြင့် လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

တေးသရုပ်ဖော်

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဒါရိုက်တာ ဘိုကလေးဦးတင့်အောင်စီစဉ်တင်ဆက်သည့် ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော ဝေဠုကျော်၊ ရာဇာနေဝင်း၊ မင်းမော်ကွန်း၊ ခန့်စည်သူ၊ နိုင်းနိုင်း၊ မျိုးသန္တာထွန်း၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ ရတနာခင်နှင့် ခိုင်နှင်းဝေတို့ ပါဝင်သရုပ်ဆောင်ထားသည့် 'အဖြူအမည်း'တေးသရုပ်ဖော်ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်အနုပညာရှင်များဖြစ်ကြသော ဦးမင်းနောင်က 'ဂျင်မလေးဂျမ်း'သီချင်းနှင့်'ချစ်မိုးကြီး'သီချင်းတို့ဖြင့်လည်းကောင်း၊ စန္ဒရားဦးချစ်ဆွေက'ငယ်ချစ်ဟောင်းနှင့်နှစ်ပေါင်းများစွာ'သီချင်းနှင့် 'ချောကလျာ'သီချင်းတို့ကို ကိုယ်တိုင်တီးခတ်သီဆို၍ လည်းကောင်း၊ ရုပ်ရှင်အနုပညာရှင်တင့်တင့်ထွန်းက 'လိုတရ'သီချင်းနှင့် 'ကိုကိုယောကျ်ားမဟုတ်ဘူး'သီချင်းတို့ဖြင့်လည်းကောင်းသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒပြုတောင်းဆိုချက်အရ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက 'တိမ်တမန်'သီချင်းနှင့် 'ဘဝချင်းဆုံတွေ့ပါရစေ'သီချင်းတို့ဖြင့်လည်းကောင်း၊အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသောဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက 'အသီးတစ်ရာ အညှာတစ်ခု' သီချင်းနှင့် 'ကောင်းကင်မေမေ' သီချင်းတို့ဖြင့်လည်းကောင်း၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးက 'ဂုဏ်'သီချင်းဖြင့်လည်းကောင်း အသီးသီး သီဆိုဖျော်ဖြေကြသည်။

ရုပ်ရှင်နှစ်ပါးခွင်

ဆက်လက်၍ဒါရိုက်တာဘိုကလေး ဦးတင့်အောင် စီစဉ်တင်ဆက်သည့် 'မြန်မာ့ရုပ်ရှင်နှစ်ပါးခွင်'ဖြင့် ဖျော်ဖြေတင်ဆက်ရာ ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော အကယ်ဒမီမေသဇ္ဈာဦးက မင်းသားအဖြစ်လည်းကောင်း၊ ထပ်ဆင့်အကယ်ဒမီမေသန်းနုက မင်းသမီးအဖြစ် လည်းကောင်း၊ ဟာသသရုပ်ဆောင်လူရွှင်တော်များအဖြစ် မိုးဒီ၊ အရိုင်း၊ ကင်းကောင်၊ ခင်လှိုင်၊ ငှက်ပျောကြော်နှင့် စိန်ရိုးတို့က လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထိုကဲ့သို့ အမျိုးသာညီလာခံကိုယ်စားလှယ်အနုပညာရှင်များ၊ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များက သီဆိုဖျော်ဖြေတင်ဆက်ကြရာအမျိုးသားညီလာခံကိုယ်စားလှယ်များက ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် အထောက်အကူပြုမြန်မာ့အသံခေတ်ပေါ်တေးဂီတနှင့် စက်အဖွဲ့၊ အနုပညာဦးစီးဌာန မင်္ဂလာဆိုင်းအဖွဲ့တို့အား ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်း ပေးအပ်ချီးမြှင့်ရာ အဖွဲ့ကိုယ်စား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဒါရိုက်တာ ဘိုကလေးဦးတင့်အောင်နှင့် ဥက္ကဋ္ဌ ဦးစိန်တင်တို့က လက်ခံသည်။

ဂုဏ်ပြုငွေပေးအပ်

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမျိုးသားညီလာခံ ဂုဏ်ပြုတေးတစ်ပုဒ်ဖြစ်သည့် 'လရောင်ဆမ်းမှလန်းသောပန်း'သီချင်းကို တေးသံစဉ်ထည့်သွင်းပေးသူ ပညာရှင် ဂီတလုလင်ဦးကိုကိုအား ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ရန်ကုန်တိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာခင်ရွှေက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဒါရိုက်တာ ဘိုကလေး ဦးတင့်အောင်အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် အထောက်အကူပြုမြန်မာ့အသံခေတ်ပေါ်တေးဂီတနှင့် စက်အဖွဲ့၊ အနုပညာဦးစီးဌာန မင်္ဂလာဆိုင်းအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများအဖြစ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ရန်ကုန်တိုင်းမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသော ဒေါက်တာခင်ရွှေနှင့် ဦးဌေးမြင့်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးဝင်းအောင်၊ ဦးညိုမင်း၊ ဦးဝင်းမြင့်နှင့် ဦးအောင်သန်းဦးတို့က ငွေကျပ်တစ်သိန်းစီတို့ကို အသီးသီးပေးအပ်ချီးမြှင့်ကြရာ အဖွဲ့ကိုယ်စား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဒါရိုက်တာ ဘိုကလေးဦးတင့်အောင်နှင့် ဥက္ကဋ္ဌ ဦးစိန်တင်တို့က လက်ခံကြသည်။

ဂုဏ်ပြုဆုပေးအပ်

ထို့နောက် အမျိုးသားညီလာခံသတင်းလွှာတွင် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ၏ မူဝါဒနှင့် ဦးတည်ချက်များအပြင် လက်ရှိအခြေအနေများကိုထင်ဟပ်၍ ပြောင်မြောက်စွာ ရေးသားတင်ပြနိုင်သည့် ကဗျာနှင့်ဆောင်းပါးစာမူရှင်များအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ကဗျာဆုတွင် 'အောင်ပွဲဆီသို့' ကဗျာဖြင့် ပထမဆုရ အမျိုးသားညီလာခံကိုယ်စားလှယ် စိန်လှမြိုင်(ဦးစိန်လှမြိုင်)၊ 'ရွှေပြည်သစ်သို့ လှမ်းတက်ချီ' ကဗျာဖြင့် ဒုတိယဆုရ အမျိုးသားညီလာခံကိုယ်စားလှယ် ရာသန်း-မန်းတိုင်းနှင့် 'အဖျက်ရန်စွယ် ရေနှယ်ခန်းစေ'ကဗျာဖြင့် တတိယဆုရ အမျိုးသားညီလာခံကိုယ်စားလှယ် အောင်မွန်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က 'ရွှေပြည်သစ်သို့' ကဗျာဖြင့် အထူးဆုရအမျိုးသားညီလာခံကိုယ်စားလှယ် သောင်းထွန်း(ခိုချောင်း)နှင့် 'အောင်ဆုအာသီသ'ကဗျာဖြင့် အထူးဆုရ အမျိုးသားညီလာခံကိုယ်စားလှယ် ဆင်ဖြူရှင်ကျော်တင့်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်းပါးဆုတွင် 'ဒီမိုကရေစီပုံပြင်' ဆောင်းပါးဖြင့် ပထမဆုရအမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာလှစိုးတင့် (ဆေးသုတေသန)၊'အမေ့ကိုသနားကြပါ' ဆောင်းပါးဖြင့် ဒုတိယဆုရအမျိုးသားညီလာခံကိုယ်စားလှယ် စောလှထွန်း(ချောင်းဦး)နှင့် 'ဘယ်သူတွေ အများဆုံးပါဝင်နေပြီလဲ' ဆောင်းပါးဖြင့် တတိယဆုရ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်(မူဆယ်)တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆောင်းပါးအထူးဆု

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွှန့်က 'ဝါသနာ(အကျင့်)'ဆောင်းပါးဖြင့် အထူးဆုရ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့မှ ပဒိုအောင်ဆန်းနှင့် 'စည်းလုံးညီညာ အောင်ကြောင်းဖြာလိမ့်' ဆောင်းပါး အထူးဆုရ အမျိုးသားညီလာခံ ကိုယ်စားလှယ် ကျော်ဇောလင်း (မကွေး)တို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ရင်းရင်းနှီးနှီး

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်သရုပ်ဆောင်များနှင့် မြန်မာ့အသံမှ တေးသံရှင်များသည် မြန္မာသီချင်းကို စုပေါင်းသီဆိုကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

ဖျော်ဖြေတင်ဆက်မှု အစီအစဉ်အပြီးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များသည် ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များနှင့် ရုပ်ရှင်သရုပ်ဆောင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

* ကျောဖုံးမှ

မှာကြား

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေးစီမံကိန်းအရ ဆောင်ရွက်နေသည့်လုပ်ငန်းများ အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရာဖြတ်ဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်းအရ ဆောင်ရွက်နေသည့် Sludge Digester Tank, Sludge Thickener Tank(A)နှင့် Tank (B), Secondary Sedimentation Tank(A)နှင့် Tank(B), Aeration Tanks, Pump Sump, Primary Sedimentation Tank, Chlorination Tank, Dewatering House, Main Manholeနှင့် Culvertစသည့် မြို့ပြလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေမှု၊ လျှပ်စစ်အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများဖြစ်သည့် Transformer, Power Stationနှင့် Underground Cableလုပ်ငန်များ ရာနှုန်းပြည့် ပြီးစီးနေမှု၊ စက်ပစ္စည်းများရောက်ရှိမှု အပါအဝင် ပစ္စည်းများရရှိစုဆောင်းထားမှု၊ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စက်ရုံတည်ဆောက်ပြီးစီးပါကရေဆိုးများသန့်စင်မည့်လုပ်ငန်းစဉ်နှင့်ပတ်သက်၍လည်းကောင်းရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေဆိုးသန့်စင်စက်ရုံ၏ မြို့ပြလုပ်ငန်းများ ပြီးစီးနေမှုနှင့် စက်ပစ္စည်းများတပ်ဆင်ရန် ပြင်ဆင်ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက်သို့ ရောက်ရှိကြရာ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြတိုက်ခန်းမ၌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်သည့် Relaxation Zone၊ Recreation Zone, Education Zone နှင့် Central Forest Zone တို့တွင် သက်ဆိုင်ရာဇုန်အလိုက် အဆင့်မြင့်တင်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေနှင့် ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က Education Zoneအဆင့်မြင့်ပြင်ဆင်ခြင်း လုပ်ငန်းများ၊ စိုက်ပျိုးရေးပြတိုက်အဝင် မုခ်ဦးတည်ဆောက်ခြင်း လုပ်ငန်း၊ ပြတိုက်အတွင်း ခင်းကျင်းမှုနှင့် ပြတိုက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ပန်းမန်ပြကွက်၊သစ်ခွပြကွက်၊ဟင်းခတ်အမွှေးအကြိုင်ပြကွက်၊ သစ်သီးဥယျာဉ်ပြကွက်၊စိုက်ပျိုးရေးပညာပေးသင်တန်းများ ဖွင့်လှစ်ထားမှု၊ လယ်ယာထုတ်ကုန်အရောင်းဆိုင် ဖွင့်လှစ်ထားမှု၊ ကန်တော်ကြီး ရေပြင်သန့်ရှင်းရေး ဆောင်ရွက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက Education Zone ၌ ရေချိုငါးဥယျာဉ် တည်ဆောက်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဆက်သွယ်ရေးစခန်းများ တည်ဆောက်ဖွင့်လှစ်ပေးမှု၊ Royal Garden, Waterfall စားသောက်ဆိုင်နှင့် ကလေးကစားကွင်းများတည်ဆောက်မှုလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က Central Forest Zone၌ ရာသီအလိုက်ပွင့်သည့် အပင်များ စိုက်ပျိုးမှု၊ ပုပ္ပား Towerနှင့် Rock Gardenတည်ဆောက်မှုနှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အဆင့်မြင့်တင်မှု လုပ်ငန်းပြီးစီးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Relaxation Zoneပန်းကန်လုံးကျွန်းနှင့် ခေမာဒီပကျွန်း အဆင့်မြင့်တင်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

လှည့်လည်စစ်ဆေး

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် အဆင့်မြင့် လုပ်ငန်းများဖြစ်သည့် Elephant Plaza တည်ဆောက်မှုလုပ်ငန်း၊ အပင်ပိုင်းဆိုင်ရာ မျိုးပွားနည်းပညာပေးသင်တန်း၊ စိုက်ပျိုးရေးသုံး ပံ့ပိုးပစ္စည်းအရောင်းဆိုင်၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းအရောင်းဆိုင်နှင့် Central Forest Zone, Recreation Zoneများ၌ အဆင့်မြင့်မွမ်းမံမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်ဥယျာဉ်ကွန်ဒိုမီနီယံတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ရှေးဦးစွာ ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပြည်ဥယျာဉ် ကွန်ဒိုမီနီယံ စီမံကိန်းကို အထပ် ၂၅ ထပ်မြင့် Towerသုံးခုကို အခန်းပေါင်း ၅၂၈ခန်းဖြင့် တည်ဆောက်မည့် အခြေအနေ၊ High Rise Buildingတည်ဆောက်ခြင်းဆိုင်ရာ Technology Transfer Process စတင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်ပကုမ္ပဏီများနှင့် Designရေးဆွဲခြင်း၊ တွက်ချက်ခြင်းလုပ်ငန်းများ အပ်နှံဆောင်ရွက်မှု၊ Towerများအတွက် တင်းနစ်ကစားကွင်း၊ ရေကူးကန်၊ ဓာတ်လှေကားများ၊ ရေပူရေအေးပေးစနစ်၊ ၂၄ နာရီ ဓာတ်အားပေးစနစ်၊ သန့်ရှင်းရေးစနစ်၊ မီးဘေးကြိုတင်ကာကွယ်ရေးစနစ်များ ထည့်သွင်းတည်ဆောက်မှု၊ Dead Load, Life Load တို့အပြင် Seismic Load တို့ကိုပါ ခံနိုင်စေရန် Shear Wallများလုံလောက်စွာထည့်သွင်း Designလုပ်ပြီးတည်ဆောက်မှု၊ အလားတူပင် Main Bean များ၌ Seismic Loadကိုအထူးခံနိုင်စေရန် Ductile Zone များကို တွက်ချက်တည်ဆောက်မှု၊ Project Areaတစ်ခုလုံးအနေနှင့် Bore Piles ၃၃၄လုံး ဆောက်လုပ်ရမည်ဖြစ်ရာတည်ဆောက်ပြီးစီးသည့် Bore Pile Foundationကို Design Strengthပြည့်မီမှုရှိမရှိသိနိုင်ရန် Integrity Test, Static Load Test, Dynamic Load Test များကို အထပ်မြင့်အဆောက်အအုံများ အရည်အသွေးကြီးကြပ်မှုကော်မတီမှ ညွှန်ကြားချက်များနှင့်အညီ စမ်းသပ်မှုများပြုလုပ်ပြီး ယင်းကော်မတီ၏ အတည်ပြု ဆုံးဖြတ်ပေးသည့်အတိုင်း တည်ဆောက်မှု၊ ဤစီမံကိန်းတွင် Tower A,B,C နှင့် Podium တို့ ပါရှိသည့် အနက် ယခုစတင်တည်ဆောက်သည့် Tower (B) ၏ Foundation လုပ်ငန်းများ Pile Cap လုပ်ငန်းများ ပြီးစီးသွားသဖြင့် Super Structureတွင် မြေညီထပ် Level 1 နှင့် Level 2 တို့မှာလည်းလုံးဝပြီးစီးနေပြီး Level 3ကို ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

တည်ဆောက်ရေးလုပ်ငန်းကြည့်ရှု

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း သွားရောက်ကြည့်ရှုပြီး ညနေပိုင်းတွင် လုပ်ငန်းခွင်မှပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန့်လျက်စွန်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အာဆီယံရှေ့နေချုပ်များအစည်းအဝေးတက်ရန် ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင် တရုတ်သို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၉

ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်-အာဆီယံ ရှေ့နေချုပ်များအစည်းအဝေး တက်ရောက်ရန်နှင့်ချစ်ကြည်ရေးခရီးသွားရောက်ရန် ဇူလိုင် ၇ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင်၊ ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ မိသားစုများက လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင်နှင့်အတူ မကွေးတိုင်း တိုင်းဥပဒေအရာရှိ ဦးဇေယျ၊ မွန်ပြည်နယ် ပြည်နယ်ဥပဒေအရာရှိ ဦးမောင်မောင်လှ၊ ဒုတိယညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးစိုးမြင့်နှင့် ဦးမြင့်သိန်းတို့လိုက်ပါသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်မိုးရေချိန်များ

၉-၇-၂၀၀၄

ရန်ကုန်မြို့လယ်	၀ ဒသမ ၀၄ လက်မ
မင်္ဂလာဒုံ	၀ ဒသမ ၀၄ လက်မ
ကမ္ဘာအေး	၀ ဒသမ ၃၉ လက်မ

မြန်မာ့ရုပ်မြင်သံကြား

၁၀-၇-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ အကပဒေသာ
၈း၀၅ ၆။ အရေးပြိုင်ပွဲ
၈း၁၅ ၇။ ဖောင်းကတောရေလှောင်တမံ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Grammar made Easy
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၄၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၇)
၁၄း၀၅ ၇။ မူးယစ်ဆန့်ကျင် အောင်ပွဲဆင် (အပိုင်း-၂)
၁၄း၁၅ ၈။ **"မေ့ထားလို့တော့မဖြစ်ဘူး"** ထွန်းထွန်းဝင်း၊ နေအောင်၊ စောနိုင်(ရှမ်းပြည်)၊ ဥက္ကာမင်းမောင်၊ မြင့်မြင့်ခိုင်၊ ဇွန်ပွင့်၊ သင်းသင်းယုလှိုင် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၁၄း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၄၅ ၁၀။ International News
၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အတီးပြိုင်ပွဲ
၁၇း၁၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သချၤာအထူးပြု) (သချၤာ)
၁၇း၃၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၇း၄၀ ၈။ တေးဂီတအစီအစဉ်
၁၇း၅၅ ၉။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၈း၂၀ ၁၀။ တေးဂီတအစီအစဉ်
၁၈း၃၀ ၁၁။ ညနေခင်းသတင်း
၁၉း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၃။ Discovery
၁၉း၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"**(အပိုင်း-၂၇)
၁၉း၄၅ ၁၅။ ရခိုင်ပြည်နယ်(အပိုင်း-၂)
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲကတစ်ခုတည်းသောအချစ်"**(အပိုင်း-၅)

မြန်မာနိုင်ငံအနှံ့အပြား နေရာကွက်၍ မိုးထစ်ချုန်းရွာမည်

ရန်ကုန် ဇူလိုင် ၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်ထူထပ်ခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေကြောင်းသိရသည်။

ဇူလိုင် ၁၀ ရက် ညနေအထိခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဇူလိုင်လအတွက်

၁၁-၇-၂၀၀၄ ရက်နေ့နှင့်

၂၅-၇-၂၀၀၄ ရက်နေ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မြစ်ကြီးနားမြို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးကိုအခြေခံသည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်အားသွန်ကြိုးပမ်းဆောင်ရွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန်ပြည်ပပို့ကုန်ပိုမိုတင်ပို့ပို့ကုန်အမယ်သစ်များတိုးချဲ့စိုက်ပျိုး ရည်မှန်းချက်များအောင်မြင်ရေးဒေသခံပြည်သူများနှင့်လက်တွဲကြိုးပမ်းအကောင်အထည်ဖော်

ရန်ကုန် ဇူလိုင် ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဇူလိုင် ၅ရက် နံနက် ၈နာရီခွဲတွင် မြစ်ကြီးနားမြို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များအား တွေ့ဆုံပြီး ကချင်ပြည်နယ် ဒေသဝမ်းစာဖူလုံနိုင်ရေးဆိုင်ရာတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကချင်ပြည်နယ်၏ ပညာရေး၊ကျန်းမာရေး၊ စိုက်ပျိုးရေး၊လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ပြည်နယ်ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်ထားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကချင်ပြည်နယ် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင် ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးအုန်းရွှေက ကချင်ပြည်နယ် ဒေသဝမ်းစာဖူလုံမှု၊ခရိုင်အလိုက် နွေစပါးစိုက်ပျိုးနိုင်မှု၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရန် ရည်မှန်းဆောင်ရွက်နေမှု၊ တောင်သူလယ်သမားများအား နည်းပညာ၊မျိုးစပါးဖြန့်ဖြူးပေးရန် စီစဉ်ထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လယ်ယာမြေဖော်ထုတ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကချင်ပြည်နယ်တစ်ခုလုံး ဒေသဝမ်းစာဖူလုံ ပိုလျှံရေးအတွက် ခရိုင်အလိုက် လယ်ယာမြေဖော်ထုတ်လုပ်ကိုင်စေခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကချင်ပြည်နယ် ခရိုင်အလိုက် စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူလယ်သမားများအား စိုက်ပျိုးရေးနည်းပညာ မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးပြီး စိုက်ပျိုးရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်မည့် နည်းလမ်းများကို စီမံချက်ချဆောင်ရွက်ရေးကိုလည်းကောင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းက တင်ပြချက်များအရ ကချင်ပြည်နယ်မှာ ဒေသဝမ်းစာဖူလုံနေပြီဖြစ်ကြောင်း၊ သို့သော် ခရိုင်အလိုက် ဒေသဝမ်းစာ ဖူလုံပိုလျှံရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုသေးကြောင်း။

ကြိုးပမ်းဆောင်ရွက်လျက်ရှိ

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးကဏ္ဍဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်မှ အားသွန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့်ပင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် စီးပွားရေးဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းက ပြည်နယ်နှင့်တိုင်းအားလုံး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးစွမ်းအားစုများ၊ နည်းပညာများ၊ အထွက်တိုးမျိုးကောင်းမျိုးသန့်များကို ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခြင်းတို့ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့ပြင် နိုင်ငံတော်အကြီးအကဲက စိုက်ဧက တိုးချဲ့ရေး၊ အထွက်နှုန်းတိုးတက်မြင့်မားရေး၊ သီးထပ်စွမ်းအား မြင့်မားရေးနှင့် အလေအလွင့်နည်းပါးရေးတို့ကို စနစ်တကျဆောင်ရွက်ရန် လမ်းညွှန်ထားသည်ကို မျက်ခြည်ပြတ်မခံဘဲ အဆင့်ဆင့်ကွပ်ကဲကြပ်မတ် ဆောင်ရွက်ပါက သီးနှံအထွက်နှုန်းသိသာစွာ ထွက်ရှိပိုလျှံလာမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရန် ပြည်ပပို့ကုန် ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ဆန်နှင့်ပဲမျိုးစုံသာမက အခြားသီးနှံများ၊ ပို့ကုန်အမယ်သစ်များကို ကချင်ပြည်နယ်ကဲ့သို့ သဘာဝရေခံမြေခံကောင်းသော ပြည်နယ်တွင် တိုးချဲ့စိုက်ပျိုး ထုတ်လုပ်သွားရန်လိုကြောင်း။

ယခုအချိန်အခါမှာ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်သည် မည်သည့်ခေတ်ကာလနှင့်မျှမတူ တည်ငြိမ်အေးချမ်းလျက်ရှိပြီဖြစ်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုအောင်မြင်စွာ ကျင်းပလျက်ရှိနေချိန်လည်းဖြစ်ကြောင်း။

ယင်းအချိန်အခါတွင် မိမိတို့အားလုံး မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊အမျိုးသားညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် မိမိတို့ကျရာကဏ္ဍက ပူးပေါင်းပါဝင်ကြပြီး နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်(၁၂)ရပ်ကို အခြေခံကာ မိမိတို့၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းကြိုးပမ်း အကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်း။

ဒေသဝမ်းစာဖူလုံရေး

သီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေး၊ ဒေသဝမ်းစာဖူလုံပိုလျှံရေးအတွက် နိုင်ငံတော်အပိုင်းက နည်းပညာနှင့် စိုက်ပျိုးရေရရှိရေးတို့ကို နည်းလမ်းအသွယ်သွယ်ဖြင့် ပံ့ပိုးနေသကဲ့သို့ ဒေသဆိုင်ရာ အာဏာပိုင်များကလည်း အထွက်တိုးသီးနှံမျိုးများ စိုက်ပျိုးရေး သွင်းအားစုများကို အဘက်ဘက်က ဖြည့်ဆည်းပေးနေကြောင်း၊ သက်ဆိုင်ရာဝန်ထမ်းများက ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်လာရေးတွင် စဉ်ဆက်မပြတ်စည်းရုံး လုပ်ဆောင်သွားကြရန်လိုကြောင်း။

လုပ်ငန်းအားလုံးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးကုန်ထုတ်လုပ်မှု လုပ်ငန်းတိုးတက်မြင့်မားရေး စသည့်လုပ်ငန်းအားလုံး ကိုယ့်ဌာန သူ့ဌာန မသတ်မှတ်ဘဲ သက်ဆိုင်ရာဌာနများက ဆက်စပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ကြရန်အထူးမှာကြားလိုကြောင်း။

အမျိုးသားရေးတာဝန်

ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုအားလုံးက နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်ဟုခံယူကာ ပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဇူလိုင် ၅ရက် နံနက် ၉နာရီခွဲတွင် မြစ်ကြီးနားမြို့ တပ်နယ်ခန်းမသို့ရောက်ရှိပြီး မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ တပ်မတော်အရာရှိကြီးများနှင့်အတူ ဇူလိုင် ၅ရက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ ထွက်ခွာလာရာ ဗန်းမော်မြို့ ကောင်းတုံရိပ်သာသို့ ညနေပိုင်းတွင်ရောက်ရှိသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် ရေဇွာရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်စတင်ထုတ်လွှင့်

ရန်ကုန် ဇူလိုင် ၉

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ချင်းပြည်နယ် ရေဇွာတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ဝပ် ၁၀၊ လှိုင်းနှုန်း(၆)ဖြင့် ယင်းနေ့နံနက်ပိုင်း မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များမှစတင်၍ အရုပ်/အသံကြည်လင်ပြတ်သားစွာဖြင့်ထုတ်လွှင့်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

Noma Concours ရုပ်ပြဇာတ်လမ်းသရုပ်ဖော် ပန်းချီပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ကြရန်ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၉

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ယူနက်စကိုဆိုင်ရာ အာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှုဌာန Asia˚/˚Pacific Cultural Centre for UNESCO (ACCU) က ကြီးမှူး၍ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရုပ်ပြစာအုပ်များ အဆင့်အတန်းနှင့် အရည်အသွေးတိုးတက်မြင့်မားစွာ ပုံနှိပ်ထုတ်ဝေနိုင်ရန်ရည်ရွယ်၍ ၂၀၀၄ခုနှစ်အတွက် Noma Concours ရုပ်ပြ၊ ဇာတ်လမ်းသရုပ်ဖော်၊ ပန်းချီပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲအတွက် ပုံပြင်ဇာတ်လမ်းများကို သရုပ်ဖော်ပုံများရေးဆွဲ၍ ပေးပို့ယှဉ်ပြိုင်ရန်ဖြစ်ပြီး ပေးပို့ယှဉ်ပြိုင်ရာတွင် မူရင်းရေးဆွဲထားသော သရုပ်ဖော်ပန်းချီများဖြစ်ရမည်။ဓာတ်ပုံများနှင့်ပုံနှိပ်ထားသောပန်းချီကားများ လက်ခံမည်မဟုတ်။

ပုံပြင်ဇာတ်လမ်းတစ်ပုဒ်အတွက် သရုပ်ဖော်ပုံငါးပုံနှင့်အထက် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် ပုံပြင်ဇာတ်လမ်းတစ်ပုဒ်အတွက် သရုပ်ဖော်ပုံများ၏ အလေးချိန်မှာ ၅ကီလိုဂရမ်ထက် မကျော်စေရ။

ထုတ်ဝေခြင်းမပြုရသေးသော ရုပ်ပြလက်ရာများလည်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပါဝင်ယှဉ်ပြိုင်ရာတွင် မိမိသရုပ်ဖော်ရေးဆွဲသည့် ဇာတ်လမ်းအကျဉ်းချုပ်ကို အင်္ဂလိပ်ဘာသာဖြင့် စာလုံးရေ ၃၀၀ခန့်ဖြင့် ပြုစုပေးရမည်။ ပြိုင်ပွဲဝင်လက်ရာများကို ရွေးချယ်၍ ၂၀၀၅ခုနှစ် မတ်လတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အကောင်းဆုံးဆုရရှိသူကို ဆုငွေအမေရိကန်ဒေါ်လာ ၃၀၀၀ချီးမြှင့်မည်ဖြစ်သည်။ ဒုတိယဆုကို အမေရိကန်ဒေါ်လာ ၁၀၀၀စီ၊ အထူးဆု ၁၀ဆုကို အမေရိကန်ဒေါ်လာ ၃၀၀စီချီးမြှင့်ပြီး နှစ်သိမ့်ဆု ၂၀ကို ဆုတံဆိပ်များ ပေးပို့ချီးမြှင့်မည်ဖြစ်သည်။

ဆုရွေးချယ်ခြင်းမခံရသည့် ပန်းချီသရုပ်ဖော်လက်ရာများကို လူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်လွှဲစာဖြင့် လာရောက်ထုတ်ယူမှသာ ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် ပုံပြင်ဇာတ်လမ်းများအတွက် သရုပ်ဖော်ပန်းချီများကို ဦးမောင်လှိုင်(စာတည်းမှူးချုပ်၊တွဲဖက်အတွင်းရေးမှူး) 2004 Noma Concours for Book Illustrations ပြိုင်ပွဲဝင်လက်ရာများ ရွေးချယ်ရေးအဖွဲ့ စာပေဗိမာန် အမှတ် ၅၂၉၊ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၅၆၀၊ ၂၄၀၀၄၈ တို့သို့ အောက်တိုဘာ ၁၀ရက် နောက်ဆုံးထား၍ပေးပို့ရမည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အထက်ပါဌာနတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးဦးတည်ချက်များချမှတ်ဆောင်ရွက် နိုင်ငံတော်နှင့်ပြည်သူလက်တွဲဆောင်ရွက်မှုကြောင့်နိုင်ငံအနှံ့ဖြန့်ကြက်ဆောင်ရွက်နိုင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း မိုးမိတ်မြို့နယ် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ထပဆ)

★ *ကျောက်ဖုံးမှ*

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၆ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ဗန်းမော်မြို့မှ ထွက်ခွာကြရာ နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ကျောက်မဲခရိုင် မိုးမိတ်မြို့သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား မိုးမိတ်တပ်နယ်မှ ဗိုလ်မှူးကြီးအောင်ငြိမ်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် မိုးမိတ်မြို့ မြို့ကျက်သရေဆောင်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအားတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများမှာကြားသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က မြို့နယ် ဆိုင်ရာအချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိုးမိတ်မြို့နယ်အတွင်း နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိုးမိတ်–မဘိန်းလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးမှုအခြေအနေ၊ စိုက်ပျိုးရေးတွင် အထွက်ကောင်းမျိုးနှင့် စပ်မျိုးစပါး တိုးချဲ့စိုက်ပျိုးရေး၊ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်သည့်နေရာမျိုးတွင် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆကြိုးပမ်းကြရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အဖွဲ့ဝင်များ၊ ယခုမိုးမိတ်မြို့သို့ ရောက်ရှိလာခြင်းမှာ မိုးမိတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေမှန်ကို သိရှိရန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် ရောက်ရှိလာကြခြင်းဖြစ်ကြောင်း။

မိမိတို့ တပ်မတော်အစိုးရသည် နိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်ရောက်ရှိပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်နှင့် တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာသည်ဖြစ်ရာ အမိနိုင်ငံတော်ကြီးတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အား ကာကွယ်ရန်မိမိတို့ဆန္ဒအလျောက်ဝင်ရောက်အမှုထမ်းနေသောစွန့်လွှတ်စွန့်စားဝံ့သူများနှင့် ဖွဲ့စည်းထားသောအဖွဲ့အစည်းကြီး တစ်ရပ်ဖြစ်ကြောင်း၊ ထို့အတူ ယခုချိန်တွင်လည်း နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများနှင့်လက်တွဲ၍ ဆောင်ရွက်နေသည်ကို အများပြည်သူအားလုံး သိမြင်နေကြပြီဖြစ်ကြောင်း။

ချမှတ်ဆောင်ရွက်

နိုင်ငံတော်ကြီးကိုခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်ရေးတွင် အခြေခံကျသည့် နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းတို့အနက် နိုင်ငံရေးဦးတည်ချက်တွင် ပါဝင်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး ဦးတည်ချက်နှင့်အညီ မိမိတို့တပ်မတော်အစိုးရက စိတ်ထားစေတနာမှန်ကန်စွာဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ကာ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်နေပြီဖြစ်ကြောင်း။

ထို့ပြင်စီးပွားရေးဦးတည်ချက်တွင် ပါဝင်သည့် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော ရည်မှန်းချက်ပါအတိုင်း နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးစွမ်းအားစုများဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများတည်ဆောက်ဖွင့်လှစ်ပေးခြင်းကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ခြင်းကြောင့် စိုက်ပျိုးသီးနှံအမယ်များစွာအနက် စပါးသီးနှံတစ်ခုတည်းကိုသာ နှိုင်းယှဉ်ကြည့်လျှင် ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံး၏ စပါးအထွက်သည် တင်းသန်း ၆၃၀ ခန့်သာ ထွက်ရှိခဲ့သော်လည်း ယခု ၂၀၀၃–၂၀၀၄ ခုနှစ်၏ တစ်နိုင်ငံလုံးစပါးအထွက်မှာ တင်း ၁၁၀၇ သန်းထိ နှစ်ဆတိုး ထွက်ရှိထုတ်လုပ်နိုင်ခဲ့သည်မှာ သာဓကတစ်ရပ်ပင် ဖြစ်ကြောင်း။

အသိအမှတ်ပြု

ယနေ့ မိုးမိတ်မြို့မှ တာဝန်ရှိသူများ၏ တင်ပြချက်အရ မိုးမိတ်မြို့၏ ၂၀၀၃–၂၀၀၄ခုနှစ် ဒေသဝမ်းစာဖူလုံမှုမှာ ၁၅၈ ရာခိုင်နှုန်းကျော်ရှိခြင်းကြောင့် သက်ဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတောင်သူလယ်သမားများနှင့် မြို့မိမြို့ဖများအား နိုင်ငံတော် ကိုယ်စား ဂုဏ်ယူ အသိအမှတ်ပြုပါကြောင်း ပြောကြားလိုကြောင်း။

ထို့ပြင် စိုက်ပျိုးရေးတွင် အမှန်တကယ်လုပ်ကိုင်ကြသည့် တောင်သူလယ်သမားများအား ဌာနဆိုင်ရာဝန်ထမ်းများကနည်းပညာ၊ မျိုးကောင်းမျိုးသန့်ဖြန့်ဝေပညာပေးခြင်းတို့ကို လက်တွေ့ကျကျ၊ စိတ်ရှည်ရှည်၊ စေတနာပါပါဖြင့် သက်ဆိုင်ရာ ဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရန် ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်ကာ လမ်းတံတားများ၊ ဆည်မြောင်းတာတမံများ၊ ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ကောလိပ်နှင့် နည်းပညာသင်တန်းကျောင်းများကို ပြည်နယ်နှင့်တိုင်းဒေသအနှံ့ ဖြန့်ကြက်ဆောင်ရွက်ပေးခြင်းမှာ နိုင်ငံတော်နှင့်ပြည်သူ လက်တွဲညီညီ ပါဝင်ဆောင်ရွက်မှုကြောင့်ပင်ဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုပေါ်တွင် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါဟု အကျယ်တဝင့် တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် အဖွဲ့ဝင်များနှင့် အတူ မိုးမိတ်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့မှ ပြန်လည်ထွက်ခွာကြရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက မိုးမိတ်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းမှ တစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီးရှိ သဖန်းဆိပ်ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

သဖန်းဆိပ်ရေလှောင်တမံ

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များအား သဖန်းဆိပ်ရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က သဖန်းဆိပ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ရည်ရွယ်ချက်၊စီမံကိန်းလုပ်ငန်းတည်နေရာ၊စီမံကိန်းဆိုင်ရာအချက်အလက်များ၊ သဖန်းဆိပ်ရေလှောင်တမံမှတစ်ဆင့် ကင်းတပ်ရေလွှဲတမံသို့ ရေထိန်းညှိထုတ်လွှတ်ပေးပြီး လက်ဝဲတူးမြောင်းနှင့် လက်ယာတူးမြောင်း ရေသောက် ဧရိယာများသို့ လည်းကောင်း၊ ကင်းတပ်ရေလွှဲတမံမှ တစ်ဆင့် ကာဘိုးဆည်သို့ ရေထုတ်လွှတ်ပေးပြီး ရွှေဘိုတူးမြောင်းနှင့် ရေဦးတူးမြောင်း ရေသောက်ဧရိယာများသို့ လည်းကောင်းစိုက်ပျိုးရေပေးဝေခဲ့မှုကိုလည်းကောင်း၊ စစ်ကိုင်းတိုင်း လျှပ်စစ်ဦးစီးဌာနမှူး ဦးစိန်ဝင်းက စစ်ကိုင်းတိုင်းအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ သဖန်းဆိပ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ စက်ရုံမှူး ဦးသာစိုးက သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ သုံးစွဲမှုတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးက သဖန်းဆိပ်ရေလှောင်တမံတည်ဆောက်ပြီးစီးပြီးနောက် ဆည်ရေသောက်ဧရိယာအတွင်း နွေစပါး၊ မိုးစပါးနှင့် သီးနှံမျိုးစုံ နှစ်အလိုက်တိုးချဲ့စိုက်ပျိုးလာနိုင်မှု၊ ရေလှောင်တမံရေရှည်တည်တံ့အသုံးပြုနိုင်ရေးအတွက် ဒေသအာဏာပိုင်များအလိုက် ကြီးကြပ်စောင့်ရှောက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၃ ကော်လံ ၃ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း သဖန်းဆိပ်ရေလှောင်တမံ ရေဝင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

နှုတ်ဆက်အမှာစကားပြောကြား

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ခေတ္တရပ်နားကြောင်းနှင့် နှုတ်ဆက် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

သားသမီးအပေါ်ထားရှိသည့် မိဘ၏မေတ္တာစေတနာသည် မျဉ်းဖြောင့်တစ်ေ
နိုင်ငံတော်အတွက် တို့အနစ်နာခံမည်ဆိုသည့် မွန်မြတ်သောနိုင်ငံချစ်စိတ်ဖြင့် ရော
အမျိုးသားညီလာခံကြီးကိုအချိန်မကြာသင့်ဘဲမကြန့်ကြာရအောင်၊ကိုယ်စားလှယ်တော်

● **ရွှေ့ဖုံးမှ**

အခမ်းအနားသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက သဘာပတိ၏ခွင့်ပြုချက်အရ အခမ်းအနား စတင်ကြောင်း ကြေညာသည်။

ရှေ့လုပ်ငန်းစဉ်

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေ ပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းမှု အပိုင်းများအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများကို ၂၀၀၄ ခုနှစ် မေ ၁၇ ရက်က စတင်ကျင်းပခဲ့ကြောင်း။

အမျိုးသားညီလာခံသို့ တက်ရောက်လာကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များတွင် နိုင်ငံတစ်ဝန်းလုံး၌ အေးအတူပူအမျှ အတူတကွ နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံပါရှိသည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို ပစ်ပယ်ထားကာ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးကိုရှေးရှုပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသည့်အတွက် ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်း။

ဖတ်ကြားတင်ပြ

၂၀၀၄ ခုနှစ် မေ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအပိုင်းမှ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုနှင့်ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းမှုများအတွက် ချမှတ်သင့် သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ကို ဖတ်ကြားတင်ပြခဲ့ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့၏အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကာ အကြံပြုချက်စာတမ်းများကိုပြုစုပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးများတွင် ဖတ်ကြားတင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၄ ခုနှစ် ဇွန် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင်လည်းကောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၄ ခုနှစ် ဇွန် ၂၈ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ၂၀၀၄ ခုနှစ် ဇွန် ၂၉ ရက်နှင့် ၃၀ တို့တွင် ကျင်းပခဲ့သည့်

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန် ကြား ရေး ဝန် ကြီး ဌာ န ဝန်ကြီး ဗိုလ်မှူး ချုပ် ကျော်ဆန်း က အမျိုးသား ညီလာခံစီမံခန့်ခွဲ မှု ပိုင်း ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ရှင်း လင်း ပြောကြား စဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် လည်းကောင်း၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ၂၀၀၄ ခုနှစ် ဇူလိုင် ၁ ရက်တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် လည်းကောင်း၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ၂၀၀၄ ခုနှစ် ဇူလိုင် ၂ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ၂၀၀၄ ခုနှစ် ဇူလိုင် ၅ ရက်နှင့် ၆ ရက်တို့တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ၂၀၀၄ ခုနှစ် ဇူလိုင် ၇ ရက်နှင့် ၈ ရက်တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင်လည်းကောင်း၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း ဖတ်ကြားတင်သွင်းခဲ့ပြီးဖြစ်ပါကြောင်း။

ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ဆွေးနွေးတင်ပြကြသည့် အကြံပြုချက်များမှာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များကို အကျေအလည် ဆွေးနွေးပြီး ကျိုးကြောင်းဖော်ပြ ထောက်ခံတင်ပြကြသည့်နည်းတူ ဒို့တာဝန် အရေးသုံးပါးပါဝင်သည့် အမျိုးသားညီလာခံ ဦးတည်ချက် (၆)ရပ်၏ မူဘောင် အတွင်းကလည်းကောင်း၊ အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံမူ (၁၀၄)ချက်၏ မူဘောင်အတွင်းကလည်းကောင်း မိမိတို့၏ အတွေ့အကြုံများ အပေါ် မူတည်၍ သီးခြားအကြံပြုချက်များကိုလည်း ကျိုးကြောင်းဖော်ပြလျက် တင်ပြမှုများကို လေ့လာတွေ့ရှိရကြောင်း၊ ထိုအကြံပြုချက်များကို လေ့လာစုစည်းပြီး ညီလာခံကိုယ်စားလှယ်ကြီးများ ကဏ္ဍအလိုက် စုစုစည်းစည်းသိရှိနိုင်ရေးအတွက် အလုပ်ညှိ့ကျ သဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တင်ပြရန်ရှိပါကြောင်း။

ပြန်လည်ခေါ်ယူသင့်

ယင်းကဲ့သို့ အလုပ်ညှိ့ကျသဘာပတိအဖွဲ့ဝင်များက လုပ်ငန်းများဆောင်ရွက်နေချိန်တွင် ညီလာခံကိုယ်စားလှယ်များလည်း အားလပ်နေမည်ဖြစ်သည့် အတွက် အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများသည် မိမိတို့ ရပ်ဆိုင်းထားခဲ့ရသည့် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်စေရန်လည်းကောင်း၊ တောင်သူလယ်သမား အမျိုးသားညီလာခံကိုယ်စားလှယ်များအတွက်လည်း ယခုအချိန်သည် လယ်ယာစိုက်ပျိုးချိန်ဖြစ်ခြင်းကြောင့် မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ အမျိုးသားညီလာခံစုံညီအစည်းအဝေးအလုပ်ညှိ့ကျ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့၏ လေ့လာတွေ့ရှိချက်များကို စုစည်းပြုစုနိုင်ရေးအတွက်လည်းကောင်း၊ အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့မှစ၍ ခေတ္တရပ်နားထားပြီး ပွင့်လင်းရာသီတွင် ပြန်လည်ခေါ်ယူသင့်ပါကြောင်း၊ လာမည့် ပွင့်လင်းရာသီတွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပသည့်အခါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအပိုင်းမှ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုနှင့်ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်အများစု၏ ဆန္ဒနှင့်အညီ ချမှတ်သွားမည်ဖြစ်သည့်အပြင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ အကြံဉာဏ်ကောင်းများ ပေးနိုင်ရေးအတွက် ကြိုတင်လေ့လာသင့်သည့် အကြောင်းအရာများကို ကြိုတင်လေ့လာထားကြပါရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် လွန်ခဲ့သော မေ ၁၇ ရက်က စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံ ၂၀၀၄ ခုနှစ် ပထမအကြိမ် အစည်းအဝေးကြီးသည် အောင်မြင်စွာ ပြီးဆုံးတော့မည်ဖြစ်ကြောင်း၊ ညီလာခံပြီးဆုံးသည့်အခါတွင် ကိုယ်စားလှယ်တော်ကြီးများ မိမိတို့၏ ဌာနေ မိသားစုများထံ ပြန်ကြတော့မည်ဖြစ်ပါကြောင်း၊ ယင်းသို့ ပြန်ကြရာတွင်

ဦးဖြောင့်တစ်ကြောင်းဖြစ်ကြောင်း၊ ဤသည်မှာနိုင်ငံတော်အစိုးရ၏ တူညီသည့်စေတနာဖြစ်
ချစ်စိတ်ဖြင့် ရောက်လာကြသူများဖြစ်သဖြင့် ကိုယ်စားလှယ်တော်ကြီးများအတွက်များစွာဂုဏ်ယူ
ယ်စားလှယ်တော်ကြီးများ အလုပ်ပျက်၊အကိုင်ပျက်မဖြစ်ရအောင် တစ်ကဏ္ဍစီပိုင်းခြားကျင်းပသွားမည်

ပို့ဆောင်ရေး၊ သွားလာရေး စသည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများ အစစအရာရာ အဆင်ပြေစေရန် ကော်မရှင်အနေဖြင့် အဘက်ဘက်က ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း။

ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ခရီးအနီးအဝေး၊ သယ်ယူပို့ဆောင်ရေး အခြေအနေပေါ်မူတည်ပြီး ညီလာခံပြီးဆုံးသည့် ယနေ့ညနေတွင်လည်းကောင်း၊ ဇူလိုင် ၁၀ ရက်တွင်လည်းကောင်း၊ ဇူလိုင် ၁၁ ရက်တွင်လည်းကောင်း ပြန်လည်ထွက်ခွာနိုင်ရန် စီစဉ်ထားပါကြောင်း။

ကိုယ်စားလှယ်ကြီးများ ဌာနေပြန်ကြရာတွင် ကိုယ်စားလှယ်ကြီးများ၏ စိတ်တိုင်းကျဖြစ်အောင် လေယာဉ်နှင့်သွားလိုသူကို လေယာဉ်၊ ရထားနှင့်သွားလိုသူကို ရထား၊ ကားနှင့်သွားလိုသူကို ကားနှင့်သွားနိုင်အောင် စီစဉ်ပေးထားပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးများ လေယာဉ်၊ ရထားနှင့် ကားလမ်းခရီးဆုံးများသို့ရောက်ရှိပြီးသည့်နောက် မိမိတို့နေရပ်ကို ဆက်လက်ပြန်ကြရာတွင်လည်း အခက်အခဲမရှိ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများမှ တာဝန်ရှိသူများက ကူညီပံ့ပိုးဆောင်ရွက်ပေးရန်ကိုလည်း ကော်မရှင်က မေတ္တာရပ်ခံ ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

ဆက်လက်ဆောင်ရွက်

ကျန်းမာရေးမကောင်း၍ ဆေးရုံတက်ရောက်ကုသနေကြရသည့် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် မိမိတို့ကျန်းမာရေး ကောင်းမွန်သက်သာ၍ မိမိတို့ဌာနေမိသားစုထံ ပြန်လိုပါက ပြန်နိုင်ကြပါကြောင်း၊ ကျန်းမာရေးမကောင်းသေးသည့်အတွက် ဆက်လက်ဆေးကုသမည်ဆိုပါကလည်း လက်ရှိတပ်မတော် ဆေးရုံကြီးများမှာပင် ဆက်လက်ကုသပေးထားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ဆန္ဒကို စီမံခန့်ခွဲမှုကော်မတီထံတင်ပြပြီး ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံကြီးပြီးဆုံး၍ ခေတ္တရပ်နားပြီးနောက်တစ်ကြိမ် ပြန်လည်ကျင်းပမည်ဖြစ်သည့်အတွက် ညီလာခံကိုယ်စားလှယ်တော်ကြီးများ ညောင်နှစ်ပင်စခန်းကိုပြန်လာကြသည့်အခါ၌လည်း သွားရေး၊ လာရေး၊ ပို့ဆောင်ရေးကိစ္စများ ယခုကဲ့သို့ အဆင်ပြေစေရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို ကြိုတင်အသိပေးလိုပါကြောင်း။

နောက်တစ်ကြိမ် ပြန်လည်ဆုံတွေ့ကြသည့်အခါတွင် အိပ်ဆောင်များကို ပိုမိုအဆင်ပြေ ကောင်းမွန် အောင်ပြုပြင်ပေးထားမည်ဖြစ်ကြောင်း၊ ဖျော်ဖြေရေးခန်းမကိုလည်း သီးခြားခန်းမရှိလာအောင် ဆောင်ရွက်ပေးထားမည်ဖြစ်ပါကြောင်း၊ အလားတူ အားကစား၊ ကျန်းမာရေး၊ စားသောက်ရေး၊ သက်သာဆိုင်နှင့် စားသောက်ဆိုင် စသည့် ကိစ္စများမှာလည်း ယခုထက် ပိုမိုကောင်းမွန်အောင် ကြိုးစားစီစဉ်ထားမည်ဖြစ်ပါကြောင်း၊ထို့အပြင် ကိုယ်စားလှယ်တော်ကြီးများ အားလုံး နှစ်သက်လိုလားကြသည့် ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ယခုထက်ပိုမိုကောင်းမွန်အောင် ကြိုးစားစီစဉ်ထားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အသွင်သဏ္ဌာန်ပိုင်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားသကဲ့သို့ ညီလာခံကြီး၏ အနှစ်သာရပိုင်း အကောင်းဆုံးဖြစ်အောင်လည်း ကြိုးစားပြင်ဆင် ဆောင်ရွက်ထားမည်ဖြစ်ပါကြောင်း။

ဆုမွန်ကောင်းတောင်း

ကိုယ်စားလှယ်တော်ကြီးများ၏ ဌာနေအပြန်ခရီး ချောမောအန္တရာယ်ကင်းပါစေ၊ မိသားစုနှင့် ပြန်လည်ဆုံတွေ့ ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာစွာဖြင့် အမျိုးဘာသာ သာသနာအကျိုး၊ မိမိတို့၏အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)

အမျိုးသားညီလာခံ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံ ခေတ္တရပ်နားကြောင်းနှင့် နှုတ်ဆက်အမှာစကား ပြောကြားရာတွင် ၂၀၀၄ ခုနှစ် မေ ၁၇ရက်က စတင်ကျင်းပပြုလုပ်လာခဲ့သည့် အမျိုးသားညီလာခံကြီးသည် ယနေ့တွင် ညီလာခံကြီး၏ အစိတ်အပိုင်းတစ်ခု၊ တစ်နည်းအားဖြင့် ညီလာခံကြီး၏ကဏ္ဍတစ်ရပ်ပြီးဆုံးခဲ့ပြီဖြစ်သဖြင့် ခေတ္တရပ်နားကြမည် ဖြစ်ကြောင်း၊ အစည်းအဝေးကြီး၏ ပွဲဦးထွက်အစပိုင်း ကဏ္ဍတစ်ရပ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြပြီဖြစ်၍ ဤအစည်းအဝေးကြီး အောင်မြင်အောင် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ကိုယ်စားလှယ်ကြီးများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းကို ပဏာမပြောကြားလိုပါကြောင်း။

စေတနာမေတ္တာထား

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အနက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးသည် နိုင်ငံတော်အတွက် အရေးကြီးသော ပထမဆုံးခြေလှမ်းဖြစ်သည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်သည် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ဩဝါဒကိုခံယူပြီး ဤညီလာခံကြီးတွင် တိုင်းရင်းသားကိုယ်စားလှယ်များအားလုံး၊ လူထုလူတန်းစားမရွေး၊ အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များနှင့် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအားလုံးကို နိုင်ငံတော်ရှေ့ရေးအတွက် စေတနာမေတ္တာထားပြီး ဖိတ်ကြားခဲ့ပါကြောင်း။

ယခုညီလာခံကြီးကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်ကြီးများအချို့သည် ဝေးလံခေါင်းပါးသော နယ်စပ်ဒေသများမှ ကုန်းကြောင်းတစ်တန်၊ ရေကြောင်းတစ်တန်၊ လေကြောင်းတစ်တန်နှင့် ခက်ခက်ခဲခဲ မရောက်ရောက်အောင် အားခဲပြီး တက်ရောက်နေကြခြင်းဖြစ်ပါကြောင်း၊ တချို့ရောဂါဝေဒနာရှင်ခံစားနေရသည့် အသက်အရွယ်ရနေသော ကိုယ်စားလှယ်ကြီးများသည်ပင်လျှင် ဖိတ်စာရသည်နှင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူကြပြီး နိုင်ငံတော်အရေးမို့ မိမိတို့အသက်ဘေးကိုပင် မငဲ့ကွက်ဘဲ ဘီးတပ်ကုလားထိုင် (Wheel Chair) တစ်မျိုး၊ ချိုင်းထောက်တစ်ဖုံနှင့် စုံညီအောင် တက်ရောက်လာခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တချို့မှာ နီးလျက်နှင့်ဝေးနေပြီး ဖိတ်ကြားလျက်နှင့် မတက်နိုင်သူ၊ မတက်ရောက်သူများလည်း ရှိပါကြောင်း။

နိုင်ငံတော်စေတနာ

အစိုးရနှင့်ပြည်သူဆိုသည်မှာ မိဘနှင့် သားသမီးလိုပင်ဖြစ်ကြောင်း၊ မိဘတိုင်းသည် မိမိတို့၏ သားသမီးများကို ဖြူသည်၊ မည်းသည် မခွဲခြားဘဲ တူညီသောမေတ္တာထားပြီး ဆင်စီး၍မြင်းရံသည်ကို မြင်ချင်ကြတာချည်းပင်ဖြစ်ကြောင်း၊ မိမိတို့အိမ်ထောင်စုအတွင်းပြန်ကြည့်လျှင်ပင် မိဘ၏ အခြေအနေအရပ်ရပ်ကို သိရှိနားလည်ပြီး ညာတာစနာတတ်သော သားသမီးရှိသကဲ့သို့၊ မိမိတို့လိုတာမရသဖြင့် စိတ်ဆိုးစိတ်ကောက်သော သားသမီးမျိုးလည်း ရှိတတ်ပါကြောင်း၊ မိဘဆိုသည်မှာ စိတ်ထားတစ်မျိုးတည်းပင် ထားပါကြောင်း၊ မည်သည့်သားသမီးကိုမျှ သာစေ၊ နာစေ၊ ပိုစေ၊ လိုစေဆိုသည် မရှိပါကြောင်း၊ သားသမီးအပေါ်ထားရှိသည့် မိဘ၏မေတ္တာ စေတနာသည် မျဉ်းဖြောင့်တစ်ကြောင်းလိုပင်ဖြစ်ကြောင်း၊ ဤသည်မှာ နိုင်ငံတော်အစိုးရ၏ တူညီသည့်စေတနာဖြစ်ပါကြောင်း။

ဤညီလာခံကြီးကိုတက်ရောက်လာခဲ့ကြသော ကိုယ်စားလှယ်ကြီးများထဲတွင် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အနုပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အထွေထွေအလုပ်သမားများ စသည်ဖြင့် လူတန်းစား အလွှာအသီးသီးတို့ ပါရှိကြပါကြောင်း၊ အချိန်ကို ငွေနှင့်စက်ပြီး လုပ်ကြရသည့် စီးပွားရေးလုပ်ငန်းရှင်တချို့လည်း ပါဝင်ကြကြောင်း၊ မိမိတို့၏ လယ်ယာလုပ်ငန်းခွင်များ၊ အလုပ်အကိုင်များ၊ စီးပွားရေးလုပ်ငန်းကြီးများကို ပစ်ထားခဲ့ပြီး ဤအစည်းအဝေးသို့ တက်ရောက် လာကြသူများဖြစ်ကြောင်း၊ တချို့လည်း မိမိတို့၏ မိအိုဖအိုများ၊ အရွယ်မရောက်သေးသည့် သားငယ်သမီး ငယ်များကို ပစ်ထားခဲ့ပြီး နိုင်ငံတော်အတွက် တို့အနစ်နာခံမည်ဆိုသည့် မွန်မြတ်သော နိုင်ငံချစ်စိတ်ဖြင့် တက်ရောက်လာကြသူများဖြစ်သဖြင့် ကိုယ်စားလှယ်တော်ကြီးများအတွက် များစွာဂုဏ်ယူမိပါကြောင်း၊ ထို့ကြောင့် မိမိတို့ကော်မရှင်အနေဖြင့်လည်း ဤအမျိုးသားညီလာခံကြီးကို အချိန်မကြာသင့်ဘဲ မကြန့်ကြာရအောင်၊ ကိုယ်စားလှယ်တော်ကြီးများ အလုပ်ပျက် အကိုင်ပျက်မဖြစ်ရအောင် အမျိုးသားညီလာခံကြီးကို တစ်ကဏ္ဍစီ ပိုင်းခြား ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ယခု မိမိတို့ မေလ ၁၇ ရက်နေ့က စတင်ကျင်းပပြုလုပ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ဥပဒေပြုရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည့်ကဏ္ဍသည် ယခုသီတင်းပတ်အတွင်း ယနေ့မှာပင် ပြီးဆုံးသွားပြီဖြစ်ကြောင်း။

ရှေ့ဆက်သွားမည့်ခရီး

မိမိတို့ အမျိုးသားညီလာခံကြီးတွင် လူထုလူတန်းစားအမျိုးမျိုး၊ အဖွဲ့အစည်းအသီးသီး ပါဝင်ခဲ့ကြသည့်အတွက် အတွေးအခေါ် အယူအဆအမျိုးမျိုး၊ ဆန္ဒအမျိုးမျိုးတို့ရှိကြမည်ဖြစ်ကြောင်း၊သို့သော်လည်း မိမိတို့၏ဆန္ဒနှင့် လက်တွေ့ဘဝကို သဟဇာတ ဖြစ်အောင်ရှုမြင်သုံးသပ်ကြပြီး အမျိုးသားညီလာခံက ချမှတ်ပေးထားသော ဦးတည်ချက် (၆)ရပ်၊ အခြေခံမူ(၁၀၄)ချက်တို့ကို မျက်ခြည်ပြတ်မခံဘဲ ညှိနှိုင်းဆွေးနွေးအကြံပေးခဲ့ကြသည့်အတွက် တူညီသောသဘောထားများကို ရရှိခဲ့ပါကြောင်း၊

စာမျက်နှာ ၁၃ ကော်လံ ၁

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း (၃)

ဒီကနေ့ တည်ဆဲတပ်မတော်အစိုးရဟာ ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကို ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး စတင်အကောင်အထည် ဖော်နေပြီဖြစ်ပါတယ်။ ဒီဆောင်ရွက်ရေးလုပ်ငန်းစဉ်ကို ပါတီအဖွဲ့အစည်းများ အပါအဝင် အမျိုးသားအင်အားစုအားလုံး ပိုမိုခိုင်မာတိုးတက်လာအောင်သာ အပြုသဘော ဝိုင်းဝန်းကြိုးပမ်းသွားဖို့ ဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီနိုင်ငံကို အပြန်အလှန်ထိန်းကျောင်း တည်ဆောက်တဲ့ (Check & Balance)ပဲဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ ဒို့အာဏာရမှ လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးမွေးနေမယ်ဆိုရင်တော့ အများအကျိုးလိုလားတဲ့ ဒီမိုကရေစီစိတ်ထား၊ နိုင်ငံကြီးသားစိတ်ထား ကင်းမဲ့ရာ ရောက်သွားနိုင်ပါတယ်။

ဒီကနေ့ နိုင်ငံတကာတွင် ဖွံ့ဖြိုးဆဲနိုင်ငံအချို့ ဒီမိုကရေစီထူထောင်ကူးပြောင်းရာမှာ စီးပွားရေးခြေလှမ်းမမြဲခင် နိုင်ငံရေး လွတ်လပ်မှုတွေကို ရှေ့တန်းတင် ဖွင့်ပေးလိုက်တဲ့အတွက် အချင်းချင်း သွေးချောင်းစီးတိုက်ခိုက်သတ်ဖြတ်မှု၊ ပြိုကွဲပျက်စီးမှု၊ ပြည်သူတို့ ဒုက္ခကြီးစွာ ကြုံလာရမှုတွေကြောင့် အဲဒီလိုအဖြစ်ဆိုးများ မကြုံရအောင် အကျိုးအကြောင်း ဆင်ခြင်လာကြပြီဖြစ်တယ်၊ သင်ခန်းစာယူလာကြပြီ ဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးခြေလှမ်းကို မြဲအောင်လုပ်ပြီး ဒီမိုကရေစီကို ထူထောင်လာကြပါတယ်။ အနောက်နိုင်ငံကြီးတွေလည်း သူတို့ လူ့အဖွဲ့အစည်းအတွင်း အရင်းရှင်ကုန်ထုတ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတဲ့အချိန်ကျမှသာ ဒီမိုကရေစီတော်လှန်ရေး ဆင်နွှဲခဲ့ကြပါတယ်။ ဒီနိုင်ငံများက မျိုးဆက်သစ်တွေဟာ ဒီကနေ့ အဲဒီလို မိမိတို့သမိုင်းကြောင်းကို မေ့ကုန်ကြပြီး အခြေအနေမှန်တွေကို ပြောင်းပြန်တောင်းဆိုနေပါတယ်။ အခြေခံစီးပွားရေး ကုန်ထုတ်စွမ်းအားစုတွေ တိုးတက်လာအောင် ဦးစွာမလုပ်ဘဲ အပေါ်ထပ်နိုင်ငံရေး ဒီမိုကရေစီပြောင်းလဲရေးကိုသာ နည်းမျိုးစုံ အကျပ်ကိုင်နေကြပါတယ်။ စက်မှုအရင်းရှင်လူတန်းစား၊ မဖွံ့ဖြိုးသေးတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံတွင် အရင်းရှင်လူတန်းစားကို ထူထောင်သွားမှသာ ဒီမိုကရေစီနိုင်ငံအဖြစ် တက်လှမ်းနိုင်မယ်ဖြစ်ပါတယ်။ ဒီလိုထူထောင်ရေးတွေကို အစဉ်အလာအုပ်ချုပ်သူ လူတန်းစားတွေက ရှေ့ဆောင်ဆင်နွှဲလေ့ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အရင်းရှင်ဒီမိုကရေစီတော်လှန်ရေးကို ရှေ့ဆောင်ဆင်နွှဲဖို့ အရင်းရှင်လူတန်းစားတွေ မဖွံ့ဖြိုး မရင့်မာသေးလို့ဖြစ်ပါတယ်။ ဒါကြောင့် ဒီတော်လှန်ရေးမျိုးကို အထက်ကလာတဲ့ တော်လှန်ရေး (Revolution From Above)လို့ ခေါ်ပါတယ်။ အာရှမှာ တစ်ချိန်က ဂျပန်ပြီးရင် တောင်ကိုရီးယား၊ အာဆီယံနဲ့ ဒီကနေ့ တရုတ်ပြည်တို့ ဆင်နွှဲတဲ့ တော်လှန်ရေးမျိုး ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပုဂ္ဂလိက ကုန်ထုတ်ကုန်သွယ်မှုအခန်းကဏ္ဍကြီးများ အားကောင်းမှုမရှိသေးတဲ့အတွက် ခေတ်သစ်ကိုထူထောင်မယ့် လူတန်းစားတွေ ကြီးပြင်းပေါ်ပေါက်လာရေးကို အစဉ်အလာ အုပ်ချုပ်သူလူတန်းစားများက ရှေ့ဆောင်လမ်းထွင် ကြိုးပမ်းသွားရတာ ဖြစ်ပါတယ်။ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းတွင် တပ်မတော်မပါဝင်တဲ့ နိုင်ငံအချို့မှာ အစိုးရအဖွဲ့ အကြီးအကဲက လုပ်ပိုင်ခွင့်တွေကို အပြည့်အဝယူထားရတဲ့ (Powerful Presidential System)အနေအထားကို ဆက်လက်ကျင့်သုံးရတာဖြစ်ပါတယ်။

အလားတူ အရင်းရှင်ဒီမိုကရေစီတော်လှန်ရေးလမ်းကြောင်းပေါ်မှာ အောင်မြင်စွာလျှောက်လှမ်းနေတဲ့ မြန်မာနိုင်ငံအပေါ်လဲ မှန်ကန်စွာရှုမြင်ပြီး နိုင်ငံတကာကူညီမှုတွေပေးဖို့ လိုပါတယ်။ အကျပ်အတည်းကြုံလာအောင် ဖန်တီးနေမှုဟာ မြန်မာ့လူ့အဖွဲ့အစည်း ရှေ့သို့တက်လှမ်းရေးအတွက် အတားအဆီးတွေသာဖြစ်ပြီး ဒီမိုကရေစီထူထောင်ရေးအတွက် အဖျက်ပိုင်းတွေသာ ဖြစ်ပါတယ်။

တစ်ချိန်က အာဆီယံနိုင်ငံများကို ပျိုးထောင်ရာတွင် ပါဝင်ခဲ့သူ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့တဲ့ မလေးရှားဝန်ကြီးချုပ် (ယခုအငြိမ်းစား) မဟာသီယာမိုဟာမက်က ၁၉၉၄ ခုနှစ် အမေရိကန်သမ္မတ ကလင်တန်နဲ့ တွေ့ဆုံစဉ်မှာ "တရုတ်ပြည်မှာ လူ့အခွင့်အရေး တိုးတက်ကောင်းမွန်လာစေရေးအတွက်ဟု ဆိုပြီး အမေရိကန်နိုင်ငံရဲ့ ဖိအားပေးနေမှုကို မိမိဆန့်ကျင်ပါတယ်။ ကြားဝင်စွက်ဖက်ဖို့ ကြိုးပမ်းမယ့်အစား အမှားအမှန်ကို ဝေဖန်ထောက်ပြခြင်းဖြင့် ယုံကြည်မှုရှိလာအောင် အားထုတ်သင့်ပါတယ်။ ဖိအားပေးနေတဲ့နည်းလမ်းမျိုးကို တရုတ်ပြည်ကိုသာမက အခြား မည်သည့်နိုင်ငံကိုမျှ အသုံးမချသင့်ဘူး"လို့ ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ဖြတ်သန်းခဲ့ရသော ကိုယ်ပိုင်အတွေ့အကြုံနဲ့ ယှဉ်ပြီး အခုလို ပြောကြားခဲ့ပါတယ်။

အောင်မိုးစံ

"အရေးကြီးတာက အနောက်နိုင်ငံတွေရဲ့ ဒီမိုကရေစီအပေါ် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နားမယောင်မိကြဖို့ပဲ။ ဒီမိုကရေစီဆိုတာ လိုအပ်တာထက်ပိုရင် နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးကျဆင်းမှု၊ မင်းမဲ့စရိုက်ပေါ်ထွန်းမှု၊ ဆင်းရဲမွဲတေမှုတွေကို ဖြစ်ပေါ်လာစေနိုင်တယ်။ အဲဒီလို အခြေအနေမျိုးမှာ အနောက်အုပ်စုက ကျွန်တော်တို့ကို ခြိမ်းခြောက်မှုတွေနဲ့ အကျပ်ကိုင်ကြတဲ့အထိ ဖြစ်လာနိုင်တယ်။ ဒီမိုကရေစီဆိုတာ အကန့်အသတ်မရှိ လွှတ်ပေးရင် လူ့အဖွဲ့အစည်းဟာ လိင်တူချင်း ဆက်ဆံမှုတွေ၊ စာရိတ္တပျက်ယွင်းမှုတွေ၊ အဂတိလိုက်စားမှုတွေနဲ့ မိဘတစ်ဦးသာရှိတဲ့ မိသားစုများအထိ လျော့ကျပျက်စီးသွားနိုင်ပါတယ်။"

အမေရိကန်နိုင်ငံမှာ လွန်ကဲတဲ့ဒီမိုကရေစီကြောင့် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုကြီး ကြုံခဲ့ရတယ်။ ဒီကနေ့မှာတော့ အထိန်းအကျောင်းတွေ၊ စည်းကမ်းတင်းကျပ်မှုတွေကို လုပ်လာရပြီ ဖြစ်ပါတယ်။ ဒါဟာလဲ သင်ခန်းစာပင် ဖြစ်ပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီအပြည့်အဝ ချက်ချင်းထွန်းကားလာရေးအတွက် ဖိအားပေးနေတဲ့ အမေရိကန်အစိုးရနဲ့ လွှတ်တော်အမတ်များ သတိရဆင်ခြင်နိုင်ဖို့ အမ်အမ်အေအိုင် စီးပွားရေးအုပ်စု အကြီးအကဲ မိစ်မီရီအမ်မာရှယ်ဆီးဂဲလ်ရဲ့ ၁၉၉၄ခုနှစ် အမေရိကန်အောက်လွှတ်တော် ကြားနာစစ်ဆေးပွဲသို့ တင်ပြခဲ့မှုအချို့ကို အခုလို သတိရစေလိုပါတယ်–

"ဒီမိုကရေစီအစိုးရတစ်ရပ် ချက်ချင်းဖွဲ့စည်းပေးရမယ်ဆိုတဲ့ အယူအဆကို အချို့က လက်ခံကောင်း လက်ခံပေမယ့် လက်ရှိအစိုးရက အတည်ပြုပေးမယ့် အချိန်ဇယား၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းမယ့် ပြဋ္ဌာန်းချက်များကို ကျွန်မတို့က အမိန့်ပေးသင့်၊ မပေးသင့် စဉ်းစားရပါလိမ့်မယ်။ သမိုင်းတစ်လျှောက် ပြန်သုံးသပ်ကြည့်ရင် အမျိုးသားတည်ဆောက်ရေးတာဝန်ဟာ ခက်ခဲနက်နဲတဲ့ လုပ်ငန်းစဉ်ပါ ရှင်။ ဒီအဆိုကို ကျွန်မတို့သမိုင်းက သက်သေထူနေပါတယ်။ စစ်ပွဲတွေ အကြိမ်ကြိမ်ဖြစ်၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ မရေမတွက်နိုင်အောင် ဖြစ်ပွားပြီးကာမှ ကျွန်မတို့ အမေရိကန်နိုင်ငံမှာ တည်ငြိမ်ပြီး ဒီမိုကရေစီရှိတဲ့ လူ့ဘောင် ပေါ်ထွန်းလာတာပါ။ အခြားဥရောပနဲ့ အာရှနိုင်ငံတိုင်းမှာလဲပဲ ဖြတ်သန်းခဲ့ရတဲ့ ဖြစ်စဉ်အတူတူပါပဲ။ နယ်စပ်ပြဿနာဖြေရှင်းရတာတို့၊ ဇာတိချုပ်ကိုင်မှု လက်ခံကျင့်သုံးရတာတို့၊ ခွဲထွက်ရေး အင်အားစုများ ပေါင်းစည်းညီညွတ်တာတို့ ဒါတွေအားလုံး အချိန်ယူကြိုးပမ်းရတဲ့ အလုပ်တွေပါပဲ။

မြန်မာနိုင်ငံလို ဘာသာစကားအမျိုးမျိုး၊ ယဉ်ကျေးမှုအထွေထွေ၊ ဒေသစွဲစိတ်အသွယ်သွယ်၊ ကိုးကွယ်မှုဘာသာ အများအပြားရှိတဲ့ နိုင်ငံမှာ စနစ်တကျ မပြင်ဆင်ဘဲနဲ့ ဒီမိုကရေစီစနစ်ကို တည်ဆောက်လိုက်ရင် လွတ်လပ်မှုနဲ့ တိုးတက်မှု အကျိုးရလဒ်အဖြစ် ကသောင်းကနင်း မင်းမဲ့ဝါဒသာ ပေါ်ထွန်းလာမှာဖြစ်တယ်။ ဒီမိုကရေစီဆိုတာ ပို့ကုန်ပစ္စည်း မဟုတ်ပါဘူး။ အမြစ်တွယ်ပြီး မျိုးနွယ်ရောင်စုံနဲ့ စွင့်စွင့်ကားကားကြီးထွားလာတဲ့ တိုင်းရင်းသားအပင်မျိုးသာ ဖြစ်သင့်ပါတယ်။

အရေးယူပိတ်ဆို့မှုနဲ့ မဖြစ်မနေဝိုင်းပယ်မှုတို့က မြန်မာနိုင်ငံလို နိုင်ငံတစ်နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းအတိုင်းသွားရာမှာ အရှိန်ရဖို့ လုပ်ပေးနိုင်လိမ့်မယ် မဟုတ်ပါဘူး။ နောက်ပြီး ပုဂ္ဂလိက စီးပွားရေးအကျိုးစီးပွားနဲ့ အမေရိကန်စံနှုန်းတွေ အဓမ္မရိုက်သွင်းမယ်ဆိုရင် ပိုလို့သာ အလှမ်းကွာသွားမယ့် လက္ခဏာပါပဲ။ ကျွန်မတို့က အဲဒီဒေသရဲ့သမိုင်းကြောင်းကို နားလည်အောင် ပထမလုပ်ရပါလိမ့်မယ်။ ထိတွေ့ဆက်ဆံပြီး ရလာတဲ့ အဲဒီနားလည်သဘောပေါက်မှုကို အခြေခံမှသာလျှင် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေးနဲ့ စီးပွားရေးလွတ်လပ်မှုလုပ်ငန်းစဉ်ကို ကျွန်မတို့ ထိထိရောက်ရောက် အထောက်အကူ ပြုနိုင်ပါလိမ့်မယ်။ မြန်မာပြည်သူတွေ စာအုပ်စာပေ၊ မဂ္ဂဇင်းတွေ ပိုမိုဖတ်ရှုလေ့လာနိုင်အောင် မြန်မာနိုင်ငံသို့ ပါမောက္ခတွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ၊ ကမ္ဘာလှည့်ခရီးသည်တွေနဲ့ လေ့လာသူတွေ ပိုမိုသွားရောက်နိုင်အောင် ကျွန်မတို့ ကြိုးပမ်းဆောင်ရွက် ပေးသင့်ပါတယ်။

အရေးအကြီးဆုံးကတော့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ မြန်မာနိုင်ငံသို့ ကျွန်မတို့ သံအမတ်ကြီးတစ်ဦး ခန့်အပ်စေလွှတ်သင့်ပါတယ်။ ဒီကိစ္စကို ကျွန်မတို့ အလေးမှုလို့ရှိရင် တမန်တော်တစ်ယောက်မှမရှိဘဲနဲ့ ကျွန်မတို့က ဘယ်လိုလုပ်ပြီး သတင်းစကား ပါးကြမှာလဲလို့ မေးပါရစေ"။

မိစ်မီရီအမ်မာရှယ်ဆီးဂဲလ်ဟာ အမေရိကန်နိုင်ငံသူ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ၁၈ နှစ်ကျော် လာရောက်လည်ပတ်ခဲ့သူတစ်ဦးဖြစ်ပြီး သူမဟာ နာဇီတို့ရဲ့ မီးလောင်တိုက်အသွင်းခံရတဲ့ မျိုးရိုးမှ ပေါက်ဖွားလာသူဖြစ်ပါတယ်။ သူမရဲ့ဖခင်ဟာ အစ္စရေးနိုင်ငံ ထူထောင်ရေးတိုက်ပွဲဝင်ရင်း အသတ်ခံခဲ့ရတယ်။ ၁၈ နှစ်လုံးလုံး နိုင်ငံမဲ့ဘဝ ရောက်ခဲ့တယ်။ လွတ်လပ်ရေးရဲ့ အရသာနဲ့ ဖိနှိပ်ညှဉ်းပန်းမှုရဲ့ ဒဏ်ရာဒဏ်ချက်တို့ကို သူများတကာတွေထက် ပိုမိုသိရှိခံစားခဲ့ရသူတစ်ဦး ဖြစ်တယ်လို့ သိရပါတယ်။

အခုလို သူမ တင်ပြခဲ့တဲ့ ၁၉၉၄ ခုနှစ်အခြေအနေထက် ဒီကနေ့ မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကအစ အခြေအနေအရပ်ရပ်ဟာ လွန်စွာပင် ပြောင်းလဲတိုးတက်လာခဲ့ပြီ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး ပထမအခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကိုပင် ကျင်းပနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမူဝါဒလမ်းစဉ် (၇)ရပ်ဟာ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ရှေးဟောင်းရွှေထည်လက်ဝတ်ရတနာပစ္စည်းများတူးဖော်တွေ့ရှိ ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သူအားဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၉

တနင်္သာရီတိုင်း မြိတ်မြို့နယ် ကလွင်စုံခေါင်းကျေးရွာနေ ဦးအောင်ထွေးပိုင် ခြံအတွင်းမှ မြေကြီးတူးစဉ် အိုးတစ်လုံးအတွင်း၌ ထည့်ထားသော ရှေးဟောင်းရွှေထည် လက်ဝတ်ရတနာပစ္စည်းများကို တူးဖော်တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သော ဦးအောင်ထွေးအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းက မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ကျွန်းရတနာခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးညွန့်ဟန်က ရှေးဟောင်းရွှေထည်လက်ဝတ် ရတနာပစ္စည်းများတွေ့ရှိပြီး တာဝန်သိသိ နိုင်ငံတော်သို့ လွှဲပြောင်းခြင်းအတွက် ဂုဏ်ပြုကြောင်းနှင့်ရှေးဟောင်းရွှေထည်ပစ္စည်းများကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဆုချီးမြှင့်စုဆောင်းလျက်ရှိပုံကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်က ရှေးဟောင်း ရွှေထည်လက်ဝတ်ရတနာပစ္စည်းများတွေ့ရှိ၍ ပေးအပ်သူ ဦးအောင်ထွေးအား ချီးမြှင့်ငွေကျပ် ၅၄၅၆၀၀၀ ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ခြံပိုင်ရှင် ဦးအောင်ထွေးက ရှေးဟောင်း ရွှေထည် လက်ဝတ် ရတနာများ တူးဖော်တွေ့ရှိသူ ဦးတင်ယုအား မိမိရရှိသော ဆုချီးမြှင့်ငွေ၏ တစ်ဝက်ဖြစ်သော ငွေကျပ် ၂၇၂၈၀၀၀ ကို ထပ်မံခွဲဝေပေးအပ်သည်။

ဦးအောင်ထွေး လွှဲပြောင်းပေးအပ်ခဲ့သော ရှေးဟောင်းရွှေထည်လက်ဝတ်ရတနာပစ္စည်းများဖြစ်သည့် အင်းဝခေတ်လက်ရာ ရွှေလက်ကောက်၊ ရွှေဆွဲပြား၊ ရွှေနားကပ်၊ ရွှေပုတီးလုံး၊ ရွှေပုတီးစေ့၊ ရွှေနားတောင်း၊ ရွှေဆွဲကြိုးပြတ်၊ ရွှေထိပ်ဖူးကွပ် ငွေဆံထိုး စသော ရွှေထည်ပစ္စည်း ၂၀ မျိုးအတွက် ငွေကျပ် ၅၃၇၀၆၃၀နှင့် ငွေဆံထိုး၊ ငွေလက်ကောက် စသည့် ငွေထည်ပစ္စည်းများအတွက်ငွေကျပ် ၈၅၃၇၀ စုစုပေါင်း ဆုငွေကျပ် ၅၄၅၆၀၀၀ ချီးမြှင့်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကိုဂုဏ်ပြုသောအားဖြင့် စမ်းချောင်းမြို့နယ် ချမ်းမြေ့အထွေထွေသမဝါယမအသင်း လီမိတက် စံပြသမဝါယမအရောင်းဆိုင်သစ် ဖွင့်ပွဲကို ဇွန် ၂၈ရက်က ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ အသင်းစုချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရဲအောင်(ငြိမ်း)နှင့် မြို့နယ်အထွေထွေ စီးပွားရေးအသင်းစုချုပ်ဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၂၉)

ရန်ကုန်အနောက်ပိုင်းဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇူလိုင် ၉

ပြည်သူ့ဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း)သို့ ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်းပွဲကို ဇူလိုင် ၂ ရက် မွန်းလွဲ ၂ နာရီက ဆေးရုံအုပ်ကြီး ရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ဒေါ်ကျင်အေး မိသားစု ၁၆–အေ ခြောက်မိုင်ခွဲ ပြည်လမ်းက လှူဒါန်းရခြင်း အကြောင်းရင်းကို ရှင်းလင်းတင်ပြပြီး ဆေးရုံကြီးတွင် အသုံးပြုရန် Air Concentrator တစ်စုံ တန်ဖိုးကျပ် ၇၃၀၀၀၀နှင့် ဦးရင်မောင် ကောင်းမှု Oxygen Cylinderတစ်ခု တန်ဖိုးကျပ်၇၀၀၀၀ တို့ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးလှအောင်က လက်ခံရယူသည်။ **(ဝဲပုံ)** ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာဦးလှအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(က–ပ)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေး အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းဖတ်ကြားတင်ပြ

ရန်ကုန် ဇူလိုင် ၉

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရေးတည်းဟူသော အမျိုးသားညီလာခံဦးတည်ချက်များဖြင့် ၂၀၀၄ခုနှစ် မေ၁၇ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး ဆက်လက်ကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြကာ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရပ်နားသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းတွင်ကျင်းပစဉ်။ (သတင်းစဉ်)

ကိုယ်စားလှယ်များတက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်) ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှနိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော

စာမျက်နှာ ၁၂ ကော်လံ ၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသည့် ညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၅) (KDA)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP)နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသား

ကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ (ခ)ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အမျိုးသားညီလာခံကိုယ်စားလှယ် အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်က ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို အမျိုးသားညီလာခံကိုယ်စားလှယ် ကချင်ပြည်နယ် အထူးဒေသ(၁)မှ ဦးချန်းလန်းက ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

ခန့်ခွဲရေး၊ တရားစီရင်ရေးကဏ္ဍ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့၏ ဥပဒေပြုခွင့်အာဏာ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားချက်အပေါ် အကြံပြုချက်များကို ကချင်ပြည်နယ်အထူးဒေသ (၁)မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးချန်းလန်းက ဆက်လက် ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။
(သတင်းစဉ်)

စည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော်၊ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး (MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော် (အေအေ)အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မှတ်တမ်းတင်လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ အစည်းအဝေး မစတင်မီ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်တီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် ရွေး

ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကြည်က ဆောင်ရွက်သည်။

အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အဆိုပါ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက် စာတမ်းပါ စက်မှုလက်မှု၊ ပို့ဆောင်ဆက်သွယ်ရေး၊ လူမှုရေးကဏ္ဍ၊ စီမံ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ညီလာခံကိုယ်စားလှယ်များတက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။
(သတင်းစဉ်)

စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးရှိသည့်အနက် ၁၀၇၁ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ ၄၄ ရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်

ရှေးဦးစွာ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ၊ စွမ်းအင်လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတို့ကို အမျိုးသားညီလာခံကိုယ်စားလှယ် အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်က စတင်ဖတ်ကြားတင်ပြသည်။

သဒ္ဓမ္မရံသီရိပ်သာများ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၉

ရိပ်သာအသီးသီးတွင် ဝါဆိုလျက်ရှိကြသော သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ရာ မရမ်းကုန်း သဒ္ဓမ္မရံသီရိပ်သာတွင် ဩဂုတ်၈ ရက်၌လည်းကောင်း၊ မဂ္ဂျိမပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ (ကျောက်ရေတွင်း) တွင် ဩဂုတ်၉ရက်၌လည်းကောင်း၊ ခိပ္ပာဘိညာသဒ္ဓမ္မရံသီရိပ်သာ(သရက်ကုန်းကျေးရွာ၊ အင်းတိုင်)တွင် ဩဂုတ် ၁၄ရက်၌လည်းကောင်း၊ သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ(ကျောက်ကုန်း) တွင် ဩဂုတ် ၂၂ ရက်၌လည်းကောင်း ကပ်လှူကြမည်ဖြစ်သည်။

အဆိုပါရက်များတွင် ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာ ဆရာတော် ကိုယ်တော်တိုင် နံနက် ၈နာရီမှစ၍ ဝါဆိုသင်္ကန်း အကပ်ခံမည်ဖြစ်ပြီး နံနက် ၉နာရီတွင် အနုမောဒနာတရားဟောကြားမည်ဖြစ်ရာ ဒါယကာ ဒါယိကာမများ ကြွရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။**(က-ပ)**

ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၉

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ကျွန်းကုန်း မိုးကုတ်ဝိပဿနာရိပ်သာကြီးတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဒုတိယ ဝါဆိုလဆန်း ၆ရက် နံနက် ၈ နာရီမှ ၁၂နာရီအထိကျင်းပပြီး (၇)ရက်တရားစခန်းပွဲကို ဒုတိယ ဝါဆိုလဆန်း ၆ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်မေ့ကထိက ဆရာကြီးဦးမြင့်ဆွေက ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၉

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသီဟ(ပုသိမ်)နှင့် ဦးပညာသဒ္ဒိအရှင်သူမြတ်နှစ်ပါးတို့က ဇူလိုင် ၁၈ရက်မှ ၂၅ရက်ထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းဖွင့်လှစ်၍ သမထ ဝိပဿနာတရားတော်များဟောကြားပြသချီးမြှင့်မည်ဖြစ်သည်။တရားစခန်းဝင်လိုသူများသည် ဇူလိုင် ၁၇ ရက် (စနေနေ့) ညနေ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့် တကွစာရင်းပေးသွင်းနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများလည်း လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

စာမျက်နှာ ၉ မှ

ကွဲပြားခြားနားမှု တချို့ရှိခဲ့သော်လည်း အချင်းချင်း ညှိနှိုင်းဆွေးနွေးမှုများကြောင့် အပြုသဘောဆောင်သည့် ရလဒ်ကောင်းများကို ရရှိခဲ့ပါကြောင်း၊ ခြုံငုံပြီးတင်ပြရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အတွက် ဥပဒေပြုရေးဆိုင်ရာ အသေးစိတ် အခြေခံရမည့်မူများကို ရရှိအောင် မိမိတို့ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြသည့်အတွက် ညီလာခံကြီး၏ အစိတ်အပိုင်းတစ်ခုကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု ပြောကြရမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့ ရှေ့ဆက်သွားရမည့်ခရီးသည် မပြီးဆုံးသေးပါကြောင်း။

လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး ရှင်းလင်းတင်ပြသွားသကဲ့သို့ ဤအစည်းအဝေးက ဆွေးနွေးအကြံပြုချက်များအပေါ်တွင် မိမိတို့ကော်မရှင်နှင့် လုပ်ငန်းကော်မတီတို့မှ ဆောင်ရွက်ဖွယ်ရာများကို အချိန်ယူဆောင်ရွက်ပြီး နောက်တစ်ကြိမ်အစည်းအဝေးတွင် အခြေခံမူချမှတ်နိုင်ရေးအတွက်ဆောင်ရွက်ရန် ရှိပါမည်ဖြစ်ပါကြောင်း၊ တစ်ဖန်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု ကဏ္ဍတို့ကို ယခုလိုပင် ညှိနှိုင်း ဆွေးနွေးကြဦးမည် ဖြစ်ကြောင်း၊ ထို့ကြောင့် နောက်တစ်ကြိမ်အစည်းအဝေးကို ကိုယ်စားလှယ်ကြီးများ အလုပ်အကိုင် ပါးသည့်အချိန်၊ လယ်ယာလုပ်ငန်းခွင်များ ရိတ်သိမ်းခြွေလှေ့ပြီးသည့်အချိန်နှင့် ရာသီဥတုကောင်းမွန်ပြီး ခြေခင်းလက်ခင်းသာသည့် ပွင့်လင်းရာသီအချိန်မျိုးတွင် ပြန်လည်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း။

အားလုံးအဆင်ပြေအောင်

ယခု အစည်းအဝေးပြီးသည်နှင့် ရပ်ဝေးနေ ကိုယ်စားလှယ်ကြီးများ နေရပ်ဌာနေကို ပြန်နိုင်ကြရန် မီးရထား၊ မော်တော်ကား၊ သင်္ဘော၊ လေယာဉ် စသည်ဖြင့် မိမိတို့စီမံခန့်ခွဲရေးကော်မတီက စီမံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့ဒေသကိုရောက်ရှိသည့်အခါ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးရေးအတွက် သက်ဆိုင်ရာပြည်နယ်၊ တိုင်းအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နာမကျန်းဖြစ်ပြီး မင်္ဂလာဒုံစစ်ဆေးရုံကြီးတွင် တက်ရောက်ကုသနေကြသည့် ကိုယ်စားလှယ်ကြီးများ အနေဖြင့် မိမိတို့စိတ်ဆန္ဒအတိုင်း ဤဆေးရုံကြီးမှာပင် ဆက်လက် တက်ရောက်ကုသလိုသည် ဆိုလျှင်လည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အားလုံးအဆင်ပြေစေရန် စီမံခန့်ခွဲရေးကော်မတီက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ဆက်လက်ပြီး ကျေးဇူးတင်စကား အနည်းငယ်ပြောကြားလိုကြောင်း၊ ဤ အစည်းအဝေး အောင်မြင်အောင် အပြုသဘောနှင့် ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးအကြံပေးကြသည့် ကိုယ်စားလှယ်ကြီးများကို အထူးကျေးဇူးတင်ပါကြောင်း၊ မိမိတို့ ဘယ်လောက်ပင် ဆောင်ရွက်ပေးပေး ကိုယ့်အိမ်ကိုယ့်ရာကဲ့သို့ နေသားတကျမဖြစ်မှာ သေချာပါကြောင်း၊ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး အဆင်မပြေမှုကလေးများကို ခွင့်လွှတ်သည်းခံပြီး နားလည်မှုရှိရှိဖြင့် အစည်းအဝေးကြီး တစ်ကဏ္ဍပြီးဆုံးသည်အထိ ကြိုးစားနေထိုင်သွားခဲ့သည့်အတွက်လည်း ကိုယ်စားလှယ်ကြီးများကို အထူးကျေးဇူးတင်မိပါကြောင်း၊ နောက်တစ်ကြိမ် အစည်းအဝေးတွင် ဤချို့ယွင်းချက် အားနည်းချက်များကို အတတ်နိုင်ဆုံး ပြုပြင်ထားပြီး ယခုထက် ပိုမိုအဆင်ပြေ အောင် ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း။

ဒုတိယ ကျေးဇူးတင်ရမည်မှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဖြစ်ပါကြောင်း၊ ဤကော်မတီတွင် တရားရေးဆိုင်ရာ ပညာရှင်၊ ဥပဒေရေးရာ ပညာရှင်များ ပါဝင်ကြကြောင်း၊ ၎င်းတို့ဦးဆောင်ပြီး မိမိတို့ကျွမ်းကျင်သည့် အတတ်ပညာ၊ တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံများနှင့် ယှဉ်ပြီး တိုင်းပြည်အသီးသီးက အုပ်ချုပ်ရေးစနစ်များ၊ ဥပဒေရေးရာများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ဆယ်စုနှစ် တစ်ခုနီးပါးခန့် လေ့လာဖတ်ရှုပြီး မိမိတို့နိုင်ငံအတွက် အကောင်းဆုံးဖြစ်နိုင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုပေါ်ထွန်းလာ အောင် အခြေခံရမည့်မူများနှင့် အသေး စိတ်အခြေခံရမည့်မူများကို ချပြပြီး လမ်းကြောင်း ရှာဖွေတင်ပြပေးခဲ့ခြင်း ဖြစ်သဖြင့် ကိုယ်စားလှယ်တော်ကြီးများ ဤလမ်းကြောင်းအတိုင်း ရည်မှန်းချက်ပန်းတိုင်ဆီသို့ အလွယ်တကူ လျှောက်လှမ်းနိုင်ကြသည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့် ကော်မတီဝင်များ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျေးဇူးတင်ရှိ

တတိယ ကျေးဇူးတင်ရမည်မှာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီနှင့် အစိုးရဝန်ကြီး ဌာနအသီးသီးတို့မှ ဝန်ထမ်းများ၊ မြို့တော်စည်ပင်မှ အမှုထမ်း အရာထမ်းများ ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ကြီးများ အစည်းအဝေးကာလအတွင်း စားရေး၊ နေရေး၊ သွားလာရေး၊ ကျန်းမာပျော်ရွှင်ရေးမှအစ အစည်းအဝေး ကျင်းပပြုလုပ်နိုင်ရေးအတွက် အဘက်ဘက်မှ မမောမပန်း၊ မညည်းမညူ စီစဉ်ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုကဲ့သို့ အစည်းအဝေးကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်အားလုံးအားလည်းကောင်း၊ ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အမှုထမ်းအရာထမ်းများအား လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့မှ အမှုထမ်းများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နောက်တစ်ကြိမ် အမျိုးသားညီလာခံကို မိမိစောစောက တင်ပြခဲ့သည့်အတိုင်း တောင်သူလယ်သမား၊ အလုပ်သမားများ အလုပ်အကိုင်ပါးသည့် လယ်ယာလုပ်ငန်းခွင်များပြီးစီးမည့်အချိန်၊ ရာသီဥတု သာယာကောင်းမွန်မည့် ပွင့်လင်းရာသီအချိန်တွင် ကိုယ်စားလှယ်တော်ကြီးများ အဆင်ပြေအောင် ပြန်လည်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်ကြီးများအားလုံး ကျန်းကျန်းမာမာနှင့် ညီလာခံကြီး အောင်မြင်စွာ ပြီးဆုံးသည့်အထိ ယခုလိုပင် တက်ရောက်နိုင်ကြပါစေ၊ ပြန်လည်ဆုံတွေ့ နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားမှူး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း က ၂၀၀၄ ခုနှစ် မေ ၁၇ ရက်တွင် စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မိုးကုတ်မြို့နယ်ခန်းမတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားပြီးနောက် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(ထပဆ)

စာမျက်နှာ ၇ မှ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းတို့ကလည်း သဖန်းဆိပ်ရေလှောင်တမံစီမံကိန်း၏ ရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သဖန်းဆိပ်ရေလှောင်တမံအတွင်းသို့ နှစ်စဉ် လစဉ်ဝင်ရေ၊ သုံးရေတို့ကို စနစ်တကျ စဉ်ဆက်မပြတ် မှတ်တမ်းတင်ထားရှိရေး၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်မှုများကို မှတ်တမ်းဇယားရေးဆွဲပြုစုထားခြင်း အမြဲမပြတ်နှိုင်းယှဉ်သုံးသပ်လေ့လာရေးတို့ကိုမှာကြားပြီး သဖန်းဆိပ်ရေလှောင်တမံကို နိုင်ငံတော်က ငွေကြေးအမြောက်အမြားအကုန်အကျခံတည်ဆောက်ပေးခဲ့ပြီဖြစ်ရာ ယင်းသဖန်းဆိပ်ရေလှောင်တမံ ရေရှည်တည်တံ့အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် အမြဲမပြတ်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ သဖန်းဆိပ်ရေလှောင်တမံ၏ ရေဝေရေလဲဒေသဝန်းကျင် တစ်လျှောက်သစ်ပင်သစ်တောစိုက်ပျိုးမှုနှင့်ထိန်းသိမ်းမှုကို စနစ်တကျကြပ်မတ်ဆောင်ရွက်၍စိုက်ပျိုးသွားရန်၊ ဆည်မြောင်းဦးစီးဌာနနှင့် ဒေသခံတောင်သူများ အကျိုးရှိရှိအသုံးချနိုင်ရေးအတွက် ရေလေလွင့်ဆုံးရှုံးမှုမရှိရေးနှင့် စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတို့ကို စနစ်တကျညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေး မှာကြားသည်။ ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် သဖန်းဆိပ်ရေလှောင်တမံ၏ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား ထပ်မံမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ Power House ရှိ Control Room၊ Switch Gear Room တို့ကိုလည်းကောင်း၊ သဖန်းဆိပ် ရေလှောင်တမံ၏ ရေဝင်မှုအခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

သဖန်းဆိပ်ရေလှောင်တမံကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်တွင် ရေလှောင်တမံတည်ဆောက်၍ ဆည်ရေသိုလှောင်ပြီး အောက်ဘက် ကိုးမိုင်အကွာတွင် တည်ဆောက်ပြီးဖြစ်သော ကင်းတပ်ရေလွှဲတမံသို့ ရေလွှတ်ပေးပြီး တိုးချဲ့လယ်မြေဧရိယာဧက ၁၅၀၀၀၀ကို ရေပေးဝေရန်၊ လက်ရှိ ကာဘိုးဆည်ရေသောက်ဧရိယာဧက ၃၅၀၀၀၀ကို ဆည်ရေပေးဝေလျက် သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရန်နှင့် ပျမ်းမျှတစ်နှစ်ပတ်လုံး လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၁၇ဒသမ၂ထုတ်လုပ်ရန် ရည်ရွက်ချက်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တိုးတက်ဖြစ်ထွန်း

သဖန်းဆိပ် ရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး အလျား ၂၂၅၈၇ပေ၊ အမြင့် ၁၀၈ ပေရှိသည့် သဖန်းဆိပ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော်ခြင်းကြောင့် မူးမြစ်ဒေသအတွင်းရှိစိုက်ပျိုးမြေဧရိယာများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ပေးဝေနိုင်သည့်အပြင် ရေအားလျှပ်စစ်ကိုပါထုတ်လုပ်နိုင်ခြင်းကြောင့် ဒေသတွင်း စီးပွားရေး၊ လူမှုရေး အခြေအနေများ ပိုမိုတိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရွှေဘိုလွင်ပြင်တွင် အောင်မြင်စွာ စိုက်ပျိုးထားရှိသော လယ်ယာမြေများနှင့် သဖန်းဆိပ်ရေလှောင်တမံ၏ လက်ယာတူးမြောင်းတစ်လျှောက် ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီးနောက် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၇ ရက်တွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့မှ ထွက်ခွာလာကြရာ ရန်ကုန်မြို့သို့ နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

အခမ်းအနားအပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များသည် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ပြည်ထောင်စုခန်းမအထွက်မှနေ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၉

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်လျက် ခေတ်အလိုက် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲပြိုင်ပွဲကို ဇူလိုင် ၁ရက် ည၇နာရီတွင် ရေကြည်မြို့နယ်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲမကျင်းပမီ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြစီက ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုကို မမေစုလှိုင် (ပုဂံခေတ်ဝတ်စားဆင်ယင်မှု)ကလည်းကောင်း၊ ဒုတိယဆုကို မနှင်းနွယ်နွယ်ဝင်း(စစ်ကြိုခေတ် ဝတ်စားဆင်ယင်မှု)က လည်းကောင်း၊ တတိယဆုကို မထက်ထက်မိုင်(စစ်ပြီးခေတ် ဝတ်စားဆင်ယင်မှု)က လည်းကောင်း ရရှိကြသည်။

ဆုရရှိသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်အေးအေးသိန်းနှင့် တာဝန်ရှိသူများက ဆုများကို အသီးသီးချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်ပီရူး ပွဲဦးထွက်သရေကျ

ရန်ကုန် ဇူလိုင် ၉

၂၀၀၄ခုနှစ် ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၆ရက်မှ စတင်၍ ပီရူးနိုင်ငံ၌ကျင်းပလျက်ရှိရာ ဇူလိုင်၁၄ရက်တွင် အုပ်စုပွဲစဉ်များ ပြီးဆုံးမည်ဖြစ်သည်။ အိမ်ရှင် ပီရူးအသင်းနှင့် ဘိုလီးဗီးယားတို့ နှစ်ဂိုးစီ သရေကျသွားသည်။

အုပ်စု(က)

အုပ်စု(က)တွင် ပီရူး၊ ကိုလံဘီယာ၊ ဗင်နီဇွဲလားနှင့် ဘိုလီးဗီးယားတို့ပါဝင်ကြသည်။

အုပ်စု(ခ)

အုပ်စု(ခ)တွင် အာဂျင်တီးနား၊ ဥရုဂွေး၊ မက္ကဆီကိုနှင့် အီကွေဒေါတို့ ပါဝင်ကြသည်။

အုပ်စု(ဂ)

အုပ်စု(ဂ)တွင် ဘရာဇီး၊ ပါရာဂွေး၊ ကော်စတာရီကာနှင့် ချီလီတို့ပါဝင်ကြသည်။

ယှဉ်ပြိုင်ကစား

ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဇူလိုင် ၆ရက်က ကျင်းပခဲ့ရာ ကိုလံဘီယာက ဗင်နီဇွဲလားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အိမ်ရှင်ပီရူးက ဘိုလီးဗီးယားနှင့် နှစ်ဂိုးစီသရေပွဲဖြစ်သွားသည်။

ဇူလိုင် ၉ ရက်က ယှဉ်ပြိုင်ကစားသော အုပ်စု(ဂ)ပွဲစဉ်၌ ပါရာဂွေးက ကော်စတာရီကာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဘရာဇီးက ချီလီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

(မြန်မာ့အလင်း)

တောင်ဥက္ကလာပ စက်မှုဇုန် တာဝန်ခံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ ဇူလိုင် ၉ ရက်က တောင်ဥက္ကလာပ စက်မှုဇုန် ဇရပ်ကွက် ၃လမ်းရှိ မော်တော်ယာဉ် ထုတ်လုပ်ရေးအလုပ်ရုံတွင်တောင်ဥက္ကလာပ စက်မှုဇုန်မှ နှစ်တန်ကုန်တင်ယာဉ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စီးပွား/ကူးသန်း)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၈-၇-၂၀၀၆

စစ်တွေမြို့	၁ ဒသမ ၃၄ လက်မ
ပူတာအိုမြို့	၁ ဒသမ ၃၈ လက်မ
သံတွဲမြို့	၁ ဒသမ ၅၀ လက်မ
ခန္တီးမြို့	၂ ဒသမ ၂၀ လက်မ

ဇူလိုင် ၉ ရက်က ကျင်းပသော လသာမြို့နယ် အထက(၂) ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပထမအကြိမ် မိဘဆရာအသင်း အစည်းအဝေးတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က အမှာစကား ပြောကြားစဉ်။

(က-ပ)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်ရတနာမွန်အိမ်ရာ၊ ၁-လမ်း၊ ခြံအမှတ် ၆ နေ ဦးသိန်းဝင်း (အထွေထွေမန်နေဂျာ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း)-ဒေါ်ကြည်ကြည်သော်တို့၏သား၊

မောင်ကျော်မြတ်သော် (ခ) တေးသံရှင်စိုင်းမြဲသာ

B.C. Tech (Hons), M.C. Tech (Thesis), UCSY. (Dip, Audio Engineering), CMTC, SAE (Myanmar)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၂၀၁-၄(ခ) နေ ဦးရဲမြင့် (ညွှန်ကြားရေးမှူး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန)-ဒေါ်ဆွေဆွေဝင်း [J.A.T. အလက(၃)၊ဒဂုံ]တို့၏ သမီးဦး

မနှင်းအိခိုင် B.Sc (Botany) ကမ္ဘောဇဘဏ်ရုံးချုပ်

တို့သည် ၇-၇-၂၀၀၆ ရက်တွင် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်အရ တရားရုံးချုပ်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်မြတ်သော်-မနှင်းအိခိုင်။

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မွေးနေ့မင်္ဂလာဆုတောင်း

မိသားစုအပေါ် တာဝန်ကျေပွန်သော ဖေဖေ ဦးညွန့်သိန်း၏ ၁၀-၇-၂၀၀၆ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင်အောင် ပျော်ရွှင်ပြည့်စုံသောဘဝတွင် မိသားစုနှင့်အတူ သာယာဖြောင့်ဖြူးသောလမ်းကို ထာဝရ လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး	-	မြမြထွန်း
ချစ်သားသမီးများ	-	ဆုမွန်ထက် (T.T.C)
သား	-	အောင်ခန့်ဇော် (T.T.C)
သမီးငယ်	-	ထက်ထက်ယမင်းဦး (T.T.C)

စူပါသတင်းဂျာနယ် အမှတ်(၂၁)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၉

သီချင်းဟောင်းတွေ ပြန်မဆိုချင်တော့တဲ့ ဆုန်သင်းပါရဲ၊ ရွှေထိုက်၊ ခင်ဘုဏ်း၊ ငယ်ငယ်တို့ကိုမှ ရွေးရိုက်သွားတဲ့ တင့်တင့်ထွန်း၊ လူကြမ်းမှာလည်း နှလုံးသားနဲ့ပါ၊ ငွေသိုက်ရဲ့ ဒါရိုက်တာ လက်သစ်၊ အနာဂတ် အိပ်မက်တွေကို ဖွင့်ဆိုရှင်းလင်းတဲ့ မီဂျီယံ၊ ကျော်ဟိန်းဆိုတာ၊ အဆိုတော်တူးတူးနှင့် သူ့ဘဝ၊ သူ့အတွေး၊ သူ့အနုပညာ၊ ရာဇာအတွက် ဘရိတ်ကီလား ဘရိတ်ကီအတွက် ရာဇာလား၊ ခေါက်ရိုးကျိုးနေသော စတိုင်ကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း စသော ပြည်တွင်း ပြည်ပ ရုပ်ရှင်ဂီတ အနုပညာရှင် စူပါတို့၏ ကောက်ကြောင်း ပုံရိပ်များနှင့်အတူ ရုပ်ရှင်ဗီဒီယို သရုပ်ဆောင် ဇင်ဇင်ဇော်မြင့်၏ စတိုင်အလှရောင်စုံ ဓာတ်ပုံဖြင့် စူပါသတင်းဂျာနယ် အမှတ်(၂၁)ကို ဆင်တောင်ကြီးစာပေ အမှတ် (၄၁)၊၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်း ၃၄ H၊ မြေကွက် (၈၄/E) မောင်ထွန်းနှင့် မငွေဥ အမည်ပေါက် မြေပိုင်မြေကို ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး (ဘီးလစ်) ဒေါ်ကေသီလှိုင်က အရောင်းအဝယ် စာချုပ်ပြုလုပ်ရန် မြေပုံကူးခွင့် လျှောက်ထားလာရာ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။



အမျိုးသားအဆင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး
လှုပ်ရှားမှု ရက်သတ္တပတ် စတင်လုပ်ဆောင်

သတင်းဆောင်းပါး– စိန်ရွှေလှိုင်(မြန်မာ့အလင်း)
ဓာတ်ပုံ– သိန်းဝင်း(ကျန်းမာရေး–ပညာ)

ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းမဟုတ်ဘဲ ငှက်ဖျားရောဂါနှင့် ဆက်နွှယ်နေသော ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းများ၊ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ရန် လိုပါတယ်။

ဒေါက်တာဦးရဲမြင့် (ညွှန်ကြားရေးမှူး)
ဓာတ်ပုံ–သိန်းဝင်း (ကျန်းမာရေး–ပညာ)

ရန်ကုန် ဇူလိုင် ၉

ဇူလိုင်လဆန်းထုတ် သတင်းစာများတွင် “ငှက်ဖျားရောဂါနှိမ်နင်းကာကွယ်ပါ” ဟူသော ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို တွေ့ရှိရပြီး ဇူလိုင် ၁၀ ရက်မှစတင်၍ ပဉ္စမအကြိမ်မြောက် အမျိုးသားအဆင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး လှုပ်ရှားမှုရက်သတ္တပတ် ကျင်းပမည်ကိုလည်း ကြားသိရ၍ ပြည်သူများ အသိပေးတင်ပြနိုင်ရန် မြန်မာ့အလင်းက ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်၍ ရောဂါနှိမ်နင်းရေးမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဦးရဲမြင့်နှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဦးစောလွင်တို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူး ဒေါက်တာဦးရဲမြင့်ကို စတင်မေးမြန်းခဲ့သည်။

လင်း။ ။အမျိုးသားအဆင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ပေါ်ပေါက်လာပုံကို သိပါရစေ။

ဖြေ။ ။ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကနေ ရက်သတ္တပတ် လှုပ်ရှားမှုတွေ၊ အထိမ်းအမှတ်နေ့ရက်တွေ သတ်မှတ်ပြီး ဆောင်ရွက်နေတာတွေ ရှိပါတယ်။ **ဥပမာ–**ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့၊ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့တွေ စသည်တို့ ဖြစ်ပါတယ်။ ဒါပေမယ့် ငှက်ဖျားအတွက် ရက်သတ်မှတ်ပေးထားခြင်းမရှိပါဘူး။ ကျန်းမာရေးဝန်ကြီးဌာနနဲ့ မိမိနိုင်ငံမှာ ဦးစားပေး ကျန်းမာရေး ပြဿနာတစ်ခုအနေနဲ့ အမျိုးသားအဆင့် ငှက်ဖျားရောဂါ ကာကွယ်ရေးလှုပ်ရှားမှု ရက်သတ္တပတ်ဆိုပြီး သတ်မှတ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်က ပထမအကြိမ်အဖြစ် စတင်ဆောင်ရွက်ခဲ့လို့ ယခုနှစ်ဆို ငါးနှစ်ဆက်တိုက် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

လင်း။ ။အမျိုးသားအဆင့် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်ကို မည်သည့်ရည်ရွယ်ချက်များနဲ့ ဆောင်ရွက်ခဲ့ပါသလဲ။

ဖြေ ။ ။အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ် စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ရာမှာ ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းသာမဟုတ်ဘဲ ငှက်ဖျားရောဂါနှင့် ဆက်နွှယ်နေသော ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း နားလည်သဘောပေါက်ပြီး ငှက်ဖျားရောဂါပြဿနာကို ကျန်းမာရေးဌာန၏ ကျွမ်းကျင်မှု အကူအညီရယူပြီး မိမိတို့ဘာသာဖြေရှင်းသွားနိုင်စေဖို့နဲ့ အားလုံးအကျိုးတူ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ငှက်ဖျားရောဂါ ဖြစ်ပွား/သေဆုံးမှု လျော့နည်းကျဆင်းသွားစေဖို့ ရည်ရွယ်ပါတယ်။

လင်း။ ။ဒီရက်သတ္တပတ်အတွင်းမှာ ဘယ်လိုလုပ်ငန်းတွေ ဆောင်ရွက်မှာပါလဲ ခင်ဗျာ။

ဖြေ ။ ။ဒီရက်သတ္တပတ်သာမကပါဘူး၊ တစ်နှစ်ပတ်လုံးဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထုအနေနဲ့ ငှက်ဖျားရောဂါကာကွယ် နှိမ်နင်းရေးမှာ သတိမူလာစေရန် ဖြစ်ပါတယ်။ ဆောင်ရွက်မယ့် လုပ်ငန်းတွေကတော့ ဗဟိုအဆင့်၊ ပြည်နယ်၊တိုင်း၊ ခရိုင်အဆင့်များမှာ ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားများ ကျင်းပပြီး ပြည်သူလူထုကို အသိပေးဆွေးနွေးပွဲ (Advocacy Meeting) များကျင်းပသွားမှာ ဖြစ်ပါတယ်။ ဌာနဆိုင်ရာများ ပူးပေါင်းပြီး ငှက်ဖျားကပ်ရောဂါ ဖြစ်ပွားနိုင်မယ့် နေရာများ ဖော်ထုတ်သွားပါမယ်။ ဒါ့အပြင် ကွင်းဆင်း လူနာရှာဖွေကုသခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကာကွယ်နှိမ်နင်းရေးအနေဖြင့် ကျေးရွာများမှာ ခြင်ထောင်များ ဆေးစိမ်ပေးခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူလူထုကလည်း မိမိတို့ ပတ်ဝန်းကျင်ရှိ စိမ့်စမ်းချောင်းများမှာခြင်၊လောက်လမ်းများ မပေါက်အောင် စုပေါင်းပြီး ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကျန်းမာရေး ဝန်ထမ်းများအတွက်လဲ လိုအပ်တဲ့ သင်တန်းများလဲ ပို့ချပေးသွားမှာပါ။

ငှက်ဖျားရောဂါ ကူးစက်ခံရတယ်လို့ သံသယရှိရင် အစောဆုံးကုသဖို့ လိုပါတယ်။ ဗဟိုငှက်ဖျား ရောဂါတိုက်ဖျက်ရေး(ကြို့ကုန်း–အင်းစိန်)နှင့် ပြည်နယ်၊ တိုင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနများမှာ သွေးဖောက်စစ်ပြီး ထိရောက်စွာကုသဖို့လိုပါတယ်။

ဒေါက်တာစောလွင်(ဒုတိယညွှန်ကြားရေးမှူး)

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဦးစောလွင်ကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

လင်း။ ။ငှက်ဖျားရောဂါအခြေအနေကို သိပါရစေ။

ဖြေ ။ ။မြန်မာနိုင်ငံမှာ လက်ရှိဆေးရုံ၊ ဆေးပေးခန်းများသို့ လာရောက်ပြသတဲ့ စာရင်းများအရ ၂၀၀၃ခုနှစ်မှာ ငှက်ဖျားရောဂါ ဖြစ်ပွားသူ ခုနစ်သိန်းခန့်ရှိပြီး သေဆုံးသူ၂၅၀၀ခန့် ရှိပါတယ်။ ၁၉၈၈ခုနှစ်က ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ ကိုးသိန်းခွဲခန့်ရှိပြီး ငှက်ဖျားကြောင့် သေဆုံးသူဦးရေ ၄၀၀၀ကျော်ရှိပါတယ်။ ၁၅နှစ်အတွင်းမှာ ကျဆင်းလာမှုရှိတာကို တွေ့ရပါတယ်။ ဒါပေမယ့် အဓိကကျန်းမာရေး ပြဿနာတစ်ရပ်အနေနဲ့ ဝိုင်းဝန်းတိုက်ဖျက်ကြဖို့ လိုပါသေးတယ်။

လင်း။ ။ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအနေနဲ့ အဓိကဆောင်ရွက်နေတဲ့ မဟာဗျူဟာများကို သိပါရစေ။

ဖြေ ။ ။မဟာဗျူဟာများကတော့ အောက်ခြေကျေးလက်အထိ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကပ်ရောဂါမဖြစ်ပွားရေးအတွက် ကာကွယ်ခြင်း၊ ကပ်ရောဂါဖြစ်ပွားလာလျှင် အချိန်မီထိရောက်စွာ နှိမ်နင်းဖို့နှင့် ငှက်ဖျားရောဂါဖြစ်ပွားလာလျှင်လည်း ထိရောက်စွာ ကုသပေးခြင်းတို့ ပါဝင်ပါတယ်။

ပြည်သူလူထု ပူးပေါင်းပါဝင်မှု၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ သုတေသနလုပ်ငန်းများနဲ့ ကျန်းမာရေးဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေးအတွက် သင်တန်းများပေးမှုတို့လည်း ပါဝင်ပါတယ်။

လင်း။ ။ဒီမဟာဗျူဟာများ အောင်မြင်ရေးအတွက် ဘယ်လိုလုပ်ငန်းတွေကို အဓိကထား ဆောင်ရွက်နေပါသလဲ။

ဖြေ ။ ။ပြည်သူလူထုကို ငှက်ဖျားနှင့်ပတ်သက်ပြီး အသိပညာရရှိရေးအတွက် ကျန်းမာရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသလို ရောဂါကာကွယ် နှိမ်နင်းရေးအနေနဲ့ နိုင်ငံတော် စီးပွားရေးစီမံကိန်းဌာနများမှာ အဆောက်အအုံအတွင်း တာရှည်ခံဆေးဖျန်းခြင်း၊ ခြင်ထောင်များ ဆေးစိမ်ပေးခြင်း၊ ကျေးရွာများမှာလည်း ငှက်ဖျားအဖြစ်များတဲ့ ရွာများရွေးချယ်ပြီး ခြင်ထောင်များ ဆေးစိမ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၀ပြည့်နှစ် မတိုင်မီက ခြင်ထောင် ဆေးစိမ်လုပ်ငန်းမရှိပေမယ့် ယခုအခါ နှစ်စဉ်ခြင်ထောင် နှစ်သိန်းကျော်ကို ဆေးစိမ်ပေးနေပါတယ်။ ဆက်လက်ပြီး တိုးမြှင့်ဆောင်ရွက်သွားဖို့လည်း ရှိပါတယ်။ လာမယ့် ငါးနှစ်အတွင်းမှာ ခြင်ထောင်အလုံးရေ ၁၃သမ၅ သန်းအထိ တိုးမြှင့်ဆေးစိမ်ဖို့ ရည်မှန်းထားပါတယ်။

ရောဂါကို စောစီးစွာရှာဖွေဖော်ထုတ်ကုသနိုင်ဖို့ ကျေးလက်ကျန်းမာရေးဌာနများအထိ မှန်ဘီလူးများကို ထောက်ပံ့ပေးခဲ့ပါတယ်။ ၁၉၈၈ခုနှစ်မတိုင်မီက လှည်းကူးတစ်မြို့နယ်တည်းမှာသာ ကျေးလက်ကျန်းမာရေးဌာနအဆင့်အထိ မှန်ဘီလူးများရှိခဲ့ပေမယ့် ယခုအခါ မြို့နယ်ပေါင်း ၁၀၀ ကျော်မှာ ကျေးလက်ကျန်းမာရေးဌာနများအထိ မှန်ဘီလူးများ တပ်ဆင်ပေးနိုင်ခဲ့ပါတယ်။

လင်း။ ။ပြည်သူလူထုကို ဘာများ ထပ်အသိပေးချင်ပါသေးသလဲ။

ဖြေ။ ။အထက်မှာ ပြောခဲ့သလို ငှက်ဖျားရောဂါဟာ တစ်နှစ်လူခုနစ်သိန်းခန့်ဖြစ်ပြီး သေဆုံးမှု ၂၅၀၀ ခန့်ရှိနေပါတယ်။ တစ်နည်းဆိုရရင် တစ်ရက်မှာ ငှက်ဖျားဖြစ်ပွားသူ ၂၀၀၀ခန့်ရှိပြီး ခုနစ်ဦးခန့် ငှက်ဖျားနဲ့ သေဆုံးနေရပါတယ်။ တစ်ရက်ဖြစ်တဲ့လူဦးရေကို ထိရောက်တဲ့ကုသမှု ပေးရင် ဆေးဖိုးသက်သက် ကျပ်၆ဒသမ၅သန်းခန့် ကုန်ကျပါမယ်။ ဒါကြောင့် **ငှက်ဖျားရောဂါဟာ ဖြစ်လာခဲ့ရင် မိသားစုစီးပွားရေးကို ထိခိုက်စေပါတယ်။ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားရေး ထိခိုက်စေပါတယ်။ ဒါကြောင့် ပြည်သူလူထုကလည်း ငှက်ဖျားဒေသကို သွားခဲ့ရင်၊ ဒါမှမဟုတ် ငှက်ဖျားဒေသမှာ နေထိုင်ကြရင် ငှက်ဖျားမကူးစက်အောင်၊ တစ်နည်းအားဖြင့် ခြင်အကိုက်မခံရအောင် အစဉ်သတိရှိနေဖို့ လိုပါတယ်။ ဘယ်နေရာအိပ်အိပ်၊ ဘယ်အချိန်အိပ်အိပ် ခြင်ထောင်နဲ့အိပ်ပါ။ ခြင်ထောင်ထဲမဝင်မီလဲ ခြင်အကိုက်မခံရအောင် အဝတ်အစား ထူထူရှည်ရှည်ဝတ်ပါ။ ယပ်တောင်နဲ့ ယပ်ခတ်နေပါ။ ဖြစ်နိုင်ရင် ခြင်မကိုက် ဆေးလိမ်းကြပါ။ ရောဂါကူးစက်ခံရတယ်လို့ သံသယရှိရင် အစောဆုံးကုသဖို့ လိုအပ်ပါတယ်။ ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေး (အနောက်ကြို့ကုန်း၊ အင်းစိန်)နဲ့ ပြည်နယ်၊ တိုင်းငှက်ဖျားရောဂါတိုက်ဖျက်ရေး ဌာနများမှာ ငှက်ဖျားရောဂါကို သွေးဖောက်စစ်ဆေးပြီး ထိရောက်စွာ အခမဲ့ကုသပေးလျက်ရှိပါကြောင်း အသိပေးပြောကြားလိုပါတယ်**ဟု မြန်မာ့အလင်းသို့ ပြောကြားလိုက်ပါသည်။

မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါကြောင့် သေဆုံးသူဦးရေ ကျဆင်းလာသော်လည်း အဓိကကျန်းမာရေး ပြဿနာတစ်ရပ်ဖြစ်နေရာ ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းသာမဟုတ်ဘဲ ငှက်ဖျားရောဂါနှင့် ဆက်နွှယ်နေသော ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဗဟိုအဆင့် ပြည်နယ်၊ တိုင်း၊ ခရိုင်အဆင့်များမှာ ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားများ ကျင်းပပြီး ပြည်သူလူထုကို အသိပေးဆွေးနွေးပွဲ (Advocacy Meeting)များ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဌာနဆိုင်ရာများ ပူးပေါင်းပြီး ငှက်ဖျားရောဂါဖြစ်ပွားနိုင်မယ့် နေရာဒေသ ဖော်ထုတ်သွားပါမယ်။ ဒါ့အပြင် ကွင်းဆင်းလူနာရှာဖွေကုသခြင်း၊ ကျန်းမာရေး ပညာပေးခြင်း၊ ကာကွယ်နှိမ်နင်းရေးအနေဖြင့် ကျေးရွာများမှာ ခြင်ထောင်များ ဆေးစိမ် ပေးခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွား မှာဖြစ်ပါတယ်။ ပြည်သူလူထုကလည်း မိမိတို့ကျေးရွာပတ်ဝန်းကျင်ရှိ စိမ့်စမ်းချောင်းများမှာ ခြင်၊ လောက်လမ်းများ မပေါက်အောင် စုပေါင်းပြီး ရေစီးရေလာကောင်းရေး လုပ်ငန်းများ ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။ ကျန်းမာရေး ဝန်ထမ်းများအတွက်လဲ လိုအပ်တဲ့သင်တန်းများလဲ ပို့ချပေးသွားမှာပါ။

ရန်ကုန်တောင်ပိုင်းခရိုင်သန်လျင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံးခန်းမတွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၄ရက်က ကျင်းပရာ သန်လျင်မြို့နယ် ဝင်းခနီးကျေးရွာမှ နိုင်ငံသားတစ်ဦးကို မြို့နယ်ဦးစီးဌာနမှူး ဦးတင်ထွန်းအုန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။

(၈၆)

မော်လမြိုင် ဓမ္မရက္ခိတ ဝါဆိုမိုးကုတ်တရားပွဲ

မော်လမြိုင် ဇူလိုင် ၆

မော်လမြိုင်မြို့ ဈေးချိုတောင်ပိုင်းရပ်ကွက် မေတ္တာလမ်း-ဓမ္မရက္ခိတမိုးကုတ်ဝိပဿနာရိပ်သာကြီးတွင်(၃၂)ကြိမ်မြောက် မိုးကုတ်ဝိပဿနာအလုပ်ပေး ခုနစ်ရက် တရားစခန်းပွဲကို နယ်လှည့်သာသနာပြု မိုးကုတ်ဓမ္မကထိကကမ္မဋ္ဌာနာစရိယ လူမှုထူးချွန် (ဒုတိယဆင့်) မော်လမြိုင် တောင်ပိုင်းဆရာတော် ချင်းတွင်းအရှင်ကလျာဏနှင့် မော်လမြိုင်မြို့ မန္တလေးရပ်-ဓမ္မဝန်ဆောင်ဆရာ ဦးအောင်ဝင်းတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူ ယောဂီများသည် ၁၃၆၆ ခု ဒုတိယဝါဆိုလဆန်း ၈ ရက်(၂၄-၇-၂၀၀၄) စနေနေ့ ညနေ ၅ နာရီ အရောက်လာကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဝါဆိုသင်္ကန်း၊ ရာသက်ပန် ငွေပဒေသာပင်များ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မကွေးမြို့နေပြည်သူများ စိတ်လက်ကြည်သာစွာ အနားယူ အပန်းဖြေနိုင်ရေးအတွက် အဖွဲ့ပိုင်ပန်းခြံများအား အဆင့်မြှင့်တင်၍ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက်က လွတ်လပ်ရေးပန်းခြံ၌ မကွေးမြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ ပန်းခြံ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဇွန် ၂၅ ရက်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်သို့ ကွင်းဆင်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် မြို့သန့်ရှင်းသာယာလှပရေးအတွက် ပျိုးဥယျာဉ်တွင် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပြုစုပျိုးထောင်မှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းသိုက်တို့က ရှင်းလင်းပြသကြစဉ်။ (၂၆၅)

ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ ပခုက္ကူဆေးရုံကြီး သံဃာ့ဆေးကုသဆောင်၌ကျင်းပ

ပခုက္ကူ ဇွန် ၇

ပခုက္ကူမြို့ ဂိလာနသံဃာ့ဝေယျာဝစ္စအဖွဲ့အစည်းအဝေးနှင့် ပထမအကြိမ်အလှူငွေပေးအပ်ပွဲ ကို ဇွန် ၅ရက်က ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး သံဃာ့ဆေးကုသဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဂိလာနသံဃာ့ဝေယျာဝစ္စအဖွဲ့နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရနှင့် မြို့ပေါ်တိုက်ကြီးများမှ ဩဝါဒါစရိယဆရာတော်ကြီးများက ဩဝါဒကထာ မြွက်ကြားတော်မူကြသည်။

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ဂိလာန သံဃာ့ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဌေးတို့က အဖွဲ့လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂိလာနသံဃာတော်များအတွက် ရန်ပုံငွေအဖြစ် ပထမအကြိမ် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၁၂ဦးက လှူဒါန်းငွေ ကျပ် ၁၀ သိန်းလက်ခံရရှိပြီးဖြစ်ရာ ရပ်နီးရပ်ဝေးမှ လှူဒါန်းလိုသူအလှူရှင်များ အနေဖြင့်အဖွဲ့ဥက္ကဋ္ဌ ဖုန်း-၀၆၂-၂၁၁၄၇၊ အတွင်းရေးမှူး ဦးဆန်းညွှန့် ဖုန်း-၀၆၂-၂၁၉၃၆၊ ၂၁၄၃၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၄၁၃)**

မူလတန်းလွန် ကျောင်းဖွင့်ပွဲကျင်းပ

ရမ်းဗြဲ ဇွန် ၈

ရမ်းဗြဲမြို့နယ် ရပတင်တိုက်နယ် ဖုန်းဆိုးပြင်အုပ်စု ဖုန်းဆိုးပြင်ရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ရက် နံနက် ၉နာရီက အဆိုပါ မူလတန်းလွန်ကျောင်း ကျောင်းရှေ့၌ ကျင်းပရာ ရှေးဦးစွာ ဖုန်းဆိုးပြင်ရွာ မူလတန်းလွန်ကျောင်းဆိုင်းဘုတ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် မြို့နယ်ပညာရေးမှူး ဦးထွန်းခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးထွန်းခိုင်က မူလတန်းလွန်ကျောင်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ **(က-ပ)**

အခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲအထိမ်းအမှတ်အလံ သံဖြူဇရပ်မြို့နယ် ကရင်တောင်ကျေးရွာ၌ ပေးအပ်

သံဖြူဇရပ် ဇွန် ၃၀

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကရင်တောင်ကျေးရွာတွင် ၂၀၀၄-၂၀၀၅ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲ နှင့် အထိမ်းအမှတ်အလံပေးအပ်ပွဲကို ဇွန် ၂၀ရက်က ယင်းကျောင်းတိုက်မုခ်ဦးရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ အလယ်တန်းကျောင်းကို သံဖြူဇရပ်မြို့နယ် အခြေခံပညာဦးစီးဌာနမှ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ငွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မွန်ပြည်နယ် အခြေခံပညာဦးစီးဌာန လက်ထောက်ပြည်နယ်ပညာရေးမှူး ဦးမင်းကျော်ဝေက အမှာစကားပြောကြားပြီး ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် အလယ်တန်းအဆင့်(ကျောင်း) ဖွင့်လှစ်ခွင့်ရရှိထားခြင်းနှင့် စပ်လျဉ်း၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ငွေက အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလယ်တန်းကျောင်းဖွင့်ပွဲအထိမ်းအမှတ် အလံများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ငွေက ပြည်နယ် လက်ထောက်ပညာရေးမှူး ဦးမင်းကျော်ဝေ၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကိုယ်စားလှယ်တစ်ဦးနှင့် ကျေးရွာဥက္ကဋ္ဌတို့အား ပေးအပ်ကြသည်။ **(ဝဲပုံ) (က-ပ)**

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ညောင်တုန်း၌သစ်ပင်စိုက်ပျိုး

ညောင်တုန်း ဇူလိုင် ၆

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ညောင်တုန်းမြို့ မိုးဟုတ်စေတီဝင်းအတွင်းတွင် ဇူလိုင် ၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဇော်၊ အတွင်းရေးမှူး ဦးအောင်မြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ကြည်ကြည်ယဉ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ခံဦးသက်နိုင်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များတို့က အပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် နံနက် ၉ နာရီက ညောင်တုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ညောင်တုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဆိုင်းဘုတ်တင်၍ မြို့နယ်ရုံးခန်းကို ဖွင့်လှစ်ကြောင်း သိရသည်။

(အောက်ပုံ) (၀၉၈)

အမျိုးသမီးများနေ့ဂုဏ်ပြု စုပေါင်းသစ်ပင်စိုက်ပျိုး

ရေနံချောင်း ဇူလိုင် ၃

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေနံချောင်းမြို့ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၇ နာရီက မြေနီခင်တောင်ရပ်ကွက် မြေနီခင်လှိုဏ်ပိတ်ဝန်းကျင်နှင့် မကွေး-ရေနံချောင်းကားလမ်းဝဲယာများတွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူနှင့် အဖွဲ့ဝင်များ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းပါဝင်၍ သစ်ဆိမ့်ပင်နှင့် အခြားအပင် ၂၀၀၀၀ ကျော် စိုက်ပျိုးကြကြောင်း သိရသည်။ **(ဝဲပုံ)**

(၃၈၃)

ဆင်ဘိုမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး မြစ်ကမ်းတစ်လျှောက်မြေနေရာကြည့်ရှု

ဆင်ဘို ဇွန် ၂၀

ဆင်ဘိုမြို့အား မြစ်ရေတင်စီမံကိန်း ပြုလုပ်ရန်အတွက် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်ချိုသည် ဇွန် ၁၅ ရက်က ဆင်ဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ ဆင်ဘိုမြို့နယ် ဌာနဆိုင်ရာတာဝန်ခံများ၊ ဆင်ဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်လွင်ထွန်း၊ ရပ်မိရပ်ဖများနှင့်အတူ မြစ်ကမ်းတစ်လျှောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ လိုက်လံစစ်ဆေးကြည့်ရှုကြသည်။ နိုင်ငံတော်က ဆင်ဘိုမြို့နယ်အား ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

10-7 (16).p65 1 03/26/1905, 3:09 PM

ထိမ်းမြားလက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ၁၁၈ လမ်း၊ အမှတ် (၂၄)နေ ဦးမန်နီကမ်(ခ)ဦးမောင်သိန်း-ဒေါ်လက်ချမီတို့၏သား

မောင်ရှန်ကဲရ်(ခ)မောင်ဆန်းအောင် B.A (Geog)

နှင့်

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ၅၁လမ်း၊ အမှတ် (၁၃၉)နေ ဦးဝွန်ဒရှမ်(ခ) ဦးဝင်းထွန်း-ဒေါ်ပသ်မာဝါသီတို့၏မွေးစားသမီး

မငယ် B.A (3rd Year Law)

တို့သည် ၂၇-၆-၂၀၀၄ရက်တွင် ဟိန္ဒူဆိုရှယ်ကလပ် (စရိမဟာလက်ချမီ) တွင် ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ (Nadaraj) ကုမ္ပဏီနှင့် NANN WAR ကုမ္ပဏီမှလူကြီးမင်းများနှင့်တကွ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်အောင်မြင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းနှင့် စရီဂျရမန်ဂလကာလီယမ္မန် ဘုရားကျောင်းလူငယ်အဖွဲ့များ အားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ရှန်ကဲရ်-မငယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ(Sealed Tender)များပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(1) Electrolyte Powder (KOH)
(2) H07C Engine & Accessories
(3) Hexagonal Bolt & Nut
(4) Crank Shaft Grinding Wheel

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၂၂-၇-၂၀၀၄ (ကြာသပတေး) (၁၂:၀၀)နာရီ

ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ၂၂-၇-၂၀၀၄(ကြာသပတေး) (၁၄:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ပါဌာနတွင် (၉-၇-၂၀၀၄) နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့ဌာန) မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊ ၆၁၃

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့် ရက်/အချိန်
1.	Spare Parts for Gases Factory	108 items	၂၁-၇-၂၀၀၄ (မွန်းတည့် ၁၂:၀၀ နာရီ)
2.	Plastic Container (ပလတ်စတစ်ပုံးခွံ)	2 items	--။--

၂။ သိရှိလိုသည့်အချက်များရှိပါက ရောင်းဝယ်ရေးဌာန ဖုန်း- ၅၄၃၃၆၅သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
ကြေညာချက်

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ TOPA 21st Century Language School တို့ပူးပေါင်း၍ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် ဂျပန်ဘာသာစကား (Basic Course)အထူးသင်တန်းအမှတ်စဉ် (၂၁)ကို ဖွင့်လှစ်ပါမည်။

(က) ဂျပန်နိုင်ငံ တိုကျိုမြို့ TOPA 21st Century Language School မှ လာရောက်ပို့ချမည်။
(ခ) အချိန်ပြည့်သင်တန်းရက်သတ္တ ၁၀ပတ် နာရီပေါင်း ၂၀၀နာရီ။
(ဂ) ၂၀၀၄ခုနှစ် ဇူလိုင်လ ၂၆ရက်နေ့ ဖွင့်လှစ်မည်။
(ဃ) အခြေခံပညာအထက်တန်းစာမေးပွဲကို (က)အဆင့်ဖြင့် အောင်မြင်သူများ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အသေးစိတ်ကို ရုံးချိန်အတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် စုံစမ်းနိုင်ပါသည်။

ဖုန်း-၅၁၄၃၇၁ လိုင်းခွဲ ၁၂၃

သန်းသန်းအေး
မော်ကွန်းထိန်း။

လိပ်ခေါင်း၊ဂရင်ဂျီနာ စအိုနာ၊ အကျိတ်ဖြစ်သူများ

အရှင်ဆန္ဒာဓိက
ဝေးလေကောင်းလေ

Sunshade
Linpe Co.,Ltd

Top Field Digital ... Metabox, Silver box ... UPGRADE ...
ZN SATELLITE GROUP, Tel: 727548

အမည်ပြောင်း

အဖဦးကျော်ဦး၏သမီးဖြစ်သူ အထက(၅) ဗိုလ်တထောင် အဋ္ဌမတန်း(ဂ)မှ မသူသူကျော်ဦးအား မခင်သူသူကျော်ဦးဟု ပြောင်းလဲ ခေါ်ပါရန်။ **မခင်သူသူကျော်ဦး။**

အမည်ပြောင်း

အဖ ဦးအောင်မြင့်၏သား အထက(၁)ဒဂုံ (အရှေ့ပိုင်း) နဝမတန်း(D)မှ မောင်သိန်းဇော်ဝင်းအား မောင်သူရဟိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သူရဟိန်း။**

MINI BUS
HINO-RAIN BOW
AC AM

အမည်ပြောင်း

အဖ ဦးမြအောင်၏သမီးဖြစ်သူ အလက (၁) ရန်ကင်း သတ္တမတန်း(ခ)မှ မမြသီတာအား မအိမ္မွန်ကျော်ဟုလည်းကောင်း၊ သားဖြစ်သူ ပဉ္စမတန်း(ခ)မှ မောင်အောင်ပြည့်စုံအား မောင်သီဟဦးဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မအိမ္မွန်ကျော်
မောင်သီဟဦး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၄၈၇၅၂ သည် မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(ထားဝယ်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး (ထားဝယ်)။**

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း တာမွေမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၄-အီး)၊ မြေကွက်အမှတ်(၇၁) အကျယ်အဝန်း ပေ ၃၀ x ပေ ၆၀ ရှိ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ် (၈၇) အောင်မင်္ဂလာလမ်း ကျောက်မြောင်းကြီးရပ်ကွက် တာမွေမြို့နယ်ဟုခေါ်တွင်သော နေအိမ်ဥပစာအပါအဝင် အကျိုးခံစားခွင့်အားလုံးမှာ ဦးကျော်မြင့် (ခ) အာမိန်အာမက် ၁၂/တမန(နိုင်)၀၉၁၁၂၁ အမည်ပေါက် ပိုင်ဆိုင်ပါသည်။ ဦးကျော်မြင့်သည် ၃-၈-၉၉ ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ဇနီး ဒေါ်လှလှမေနှင့် သား မောင်သန်းနိုင်၊ မောင်ဝင်းနိုင်နှင့် မောင်တင့်နိုင်တို့ကျန်ရစ်ခဲ့ရာ ဒေါ်လှလှမေသည် သားကြီးဖြစ်သူ မောင်သန်းနိုင် ခရီးထွက်နေခိုက် မြေဂရန်နှင့် စာချုပ်စာတမ်းမူရင်းများကို မောင်ဝင်းနိုင်အား ပေးသွားပြီး နိုင်ငံခြားသို့ထွက်ခွာသွားကြောင်း သိရှိရပါသည်။ အထက်ဖော်ပြပါနေအိမ်တွင် ယခုအခါ ကွယ်လွန်သူ ဦးကျော်မြင့်၏ အမွေစားအမွေခံသားသုံးယောက် နေထိုင်လျက်ရှိရာ သားကြီး မောင်သန်းနိုင်မှတစ်ပါးကျန်သားနှစ်ဦးမှာ အရွယ်မရောက်သေးသူများ ဖြစ်ပါသည်။ ထို့ကြောင့် ကွယ်လွန်သူ ဦးကျော်မြင့်၏ အရွယ်ရောက်ပြီးသော သားကြီးဖြစ်သူ မောင်သန်းနိုင်၏ အတိအလင်းသဘောတူ ခွင့်ပြုချက်မရှိဘဲ အမွေဆိုင်အထက်ဖော်ပြပါ မြေနှင့်အဆောက်အအုံကို မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်း လွှဲပြောင်းခြင်း၊ မြေဂရန်နှင့် စာချုပ်စာတမ်းများ ပေါင်နှံခြင်းစသည်တို့ လုံးဝမပြုလုပ်ကြရန်နှင့် အကယ်၍ ပြုလုပ်ပါက အမွေဆိုင်သားကြီး မောင်သန်းနိုင်သဘောမတူဘဲ ပြုလုပ်မှုမှန်သမျှသည် တရားမဝင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်သန်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးချစ်လွင်
B.Com.(A.A.): D.E.P.R.L:
တရားရုံးချုပ်ရှေ့နေ(၂၈၅၉)
အမှတ်(၁၉) ၁၂၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း-၂၉၇၈၃၀

ဦးတင်ရွှေ(ခ)ဦးထက်အောင်
လဝက(ငြိမ်း)ဟားခါးမြို့
အသက်(၆၉)နှစ်

မန္တလေးမြို့ ရွှေလုံရပ် (ဦးစံနီ-ဒေါ်ကျင်မြိုင်)တို့၏သား၊(ဦးအေးကို)၏ အစ်ကို၊ ကိုသစ်လွင်ဦး ၊ ကိုသက်လွင်ဦး၊ ကိုရဲလွင်ဦး၊ မသက်မေဦး၊ မသက်ခိုင်ဦး၊ မောင်အောင်လွင်ဦး၊ မောင်ကျော်လွင်ဦး၊ မောင်ဝင်းလွင်ဦး တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုး၊ ဟားခါးမြို့ ဈေးသစ်ရပ်နေ ဒေါ်မူမူ၏ခင်ပွန်းသည် ၂၂-၆-၂၀၀၄ ရက်တွင် ဟားခါးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၀၄ ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ဟားခါးမြို့ သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။



LIVE TAPE & CD 10th JULY
LIVE AT STRAND HOTEL, YANGON.2004

KMD COMPUTER CENTRE
i-Office
Syllabus
Using Email & Internet
Window Operating System
Adobe PageMaker 7
Microsoft Excel 2003
Microsoft PowerPoint 2003
Microsoft Word 2003

NPE FOREVER GROUP
Office Operating Course (Basic)
Desktop Publishing Course (DTP)
Engineering Design Course (AutoCAD)
Programming Course (Visual Basic)
Computerized Accounting Course (Accpac, UBS)
Hardware & System Administration Course (A+)
No.173/175, Pansodan Street, Kyauktada Township, Yangon.
Ph: 01-256265, 701180

အခြားနည်းသမ္မန်စာ
ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့် ၅၊ နည်း ၁နှင့်၅)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ်၊ တရားမအထွေထွေအမှု အမှတ် ၁၁၅

ဦးမိုဟာမက်မူဆာအာရစ်(ဖ်)(ခ) နှင့် မရီရမ်ဘီဘီ ပါ-၅
ဦးလှမြင့် ပါ-၃

လျှောက်ထားသူများ **လျှောက်ထားခံရသူများ**

အစ္စမေလ်မူဆာအာရစ်(ဖ်)၊ အမှတ်-၂၇၃ (အပေါ်ဆုံးထပ်) ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

